ကြေးမုံ
The Mirror
၁၃ဖွဲ့ ၉နှစ်၊ ဟော်သလင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (8-9-2006) (၅၀၇၄)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် နယ်မြေခံတပ်ရင်း မိုးစပါးစိုက်ခင်းနှင့် ရွှေကူသစ်တောကြိုးဝိုင်း ကေ ၂၀၀ ကျွန်းခင်းတို့ကို ကြည့်ရှုစစ်ဆေး ကျွန်းတိုးချဲ့စိုက်ပျိုးရေးနှင့် သဘာဝသစ်တောထိန်းသိမ်းရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၇

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက **ရွှေကူဖြို့နယ် မန္တလေး–တကောင်း–ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ်(၁၁၂/၅)နှင့် (၁၁၃/၅)အကြား၌ နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါး ဧက ၂၀၀ စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ထို့နောက် တိုင်းမှူးသည် မိုင်တိုင်အမှတ်(၁၂၀/၇)အနီး၌ တပ်နယ်တပ်ရင်းများ၏ ကျွန်းစိုက်ပျိုးမည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကာ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရွှေကူသစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၂)သို့ သွားရောက်၍ သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၄–၂၀၀၅ ခုနှစ်မှ စတင်ပြုစုထိန်းသိမ်းထားရှိသည့် ဧက ၂၀၀ ကျွန်းခင်းသို့ ကြည့်ရှုစစ်ဆေးပြီး ရွှေကူ–ဗန်းမော်–လယ်ဆို့ လမ်း၌

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✱

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်ငံတော်သည် ဖွံ့စည်းဆဲ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဓာတ်ပုံ ပလာဇာ

မန္တလေးမြို့ ချမ်းသာသစ်မြို့နယ် ဈေးချို ပလာဇာ ခြောက်ထပ်နှင့် ၂၅ထပ် ကွန်ဒိုမီနီယံ တာဝါ ဆောက်လုပ်နေမှုလုပ်ငန်းခွင်ကို ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံမြို့ ထပ်မားငင် ရေလှောင်တမံနှင့် တပ်နယ်ခြံစည်းရိုးကြက်ဆူစိုက်ခင်း ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၇

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် တင်ထပ်ကျေးရွာအနီးရှိ ထပ်မားငင် ရေလှောင်တမံသို့ သွားရောက်၍ ရေလှောင်တမံ ကြွခိုင်ကောင်းမွန်မှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှု၊ ရေလှောင်တမံမှ ကျိုင်းတုံမြို့ပေါ် ရပ်ကွက်များသို့ သောက်သုံးရေပေးဝေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုင်းတုံတပ်နယ် နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက ခံပြစိုက်ခင်းသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ကိုကိုက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

နံနက် ၁၀ နာရီတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲

ကြေးမုံ ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံ၏ ကလ္လာစုံပွဲပြိုးမှုအခြေအနေမှန်များကို လာရောက်လေ့လာသင့်

▶ *မြန်မာနိုင်ငံကို ဒဏ်ခတ်ပိတ်ဆို့ရန်နှင့် လုံခြုံရေးကောင်စီသို့ တင်ပြရန် လှုံ့ဆော်နေသော အမေရိကန်လွှတ်တော်အမတ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများအတွင်း၌ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် လိုလားသည့် စိတ်ကောင်းစေတနာမှန်ရှိသူများလည်း ပါဝင်ကောင်းပါဝင်နိုင်၊ သို့ရာတွင် ထိုပုဂ္ဂိုလ်များ၏ စေတနာကို အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်သမားများက အခွင့်ကောင်းယူလှည့်စားအသုံးချနေသည်ကို မြင်တွေ့နေရသည့်အတွက် များစွာ စိတ်ပျက်စရာဖြစ်နေ၊ မြန်မာနိုင်ငံ၏အကျိုးကို လိုလားသည်ဆိုပါက ထိုပုဂ္ဂိုလ်များ အနေဖြင့် ပြည်တွင်းတွင် ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ၏ ဖွံ့ဖြိုးမှုအခြေအနေမှန်များကို တရားဝင် ကိုယ်တိုင် လာရောက်ကြည့်ရှုလေ့လာသင့်။*

စိုးမြကျော်နှင့် စောမြအောင်၏ **"သောနုတ္တိရ် အမေရိကန်ကွန်ဂရက်အမတ်အချို့နှင့် အစွယ်လိုသူ ပြည်ပအားကိုးပုဆိန်ရိုးတို့၏ နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်း"** (ဆောင်းပါး)

စာမျက်နှာ–၈/၉

နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးယည်ဖြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၉-၂၀၀၆
(သောကြာနေ့)

စာတတ်မြောက်ရေး အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်

စက်တင်ဘာလ ၈ ရက်(ယနေ့)သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။ မြန်မာနိုင်ငံသည် အခြားသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနည်းတူ အခမဲ့အနှားများကို နှစ်စဉ်ကျင်းပလျက်ရှိသကဲ့သို့ စာတတ်မြောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ပုဂံခေတ် ကာလကပင် ကြိုးပမ်းခဲ့သည်။ အထူးသဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများကစတင်ကာ စာပေသင်ကြားပေးခဲ့ရာမှ စာပေလေ့လာသင်ယူမှုများ၊ စာပေလေ့လာဖတ်ရှု ဗဟုသုတဖလှယ်သည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းနှင့် ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိသည်။ ပညာရေးဝန်ကြီးဌာနနှင့်အတူ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိဘပြည်သူတစ်ရပ်လုံး၏ ပိုင်းဝန်းကြိုးပမ်းအားထုတ်မှုဖြင့် မူလတန်းအဆင့် ကျောင်းနေအရွယ်ကလေးများ၏ ကျောင်းဝင်နှုန်းမှာ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

စာတတ်မြောက်ရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းသို့ အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိရာ သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများလည်း ပါဝင်သည်။ ပြည်နယ်၊ တိုင်း ဒေသအသီးသီးနှင့် နယ်စပ်ဒေသများပါမကျန် သက်ကြီးစာတတ်မြောက်ရေး"အ"သုံးလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၂၀၀၆ ခုနှစ် နွေရာသီအတွင်းက နယ်စပ်ဒေသရှိ မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နယ်စပ်ဒေသ စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားသင်တန်းသား၊ သင်တန်းသူ တစ်ဆောင်းလေးထောင်ကျော်ကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၄ ဒသမ ၃၅ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ စာတတ်မြောက်မှု မြင့်မားသော "က" အုပ်စုဝင် နိုင်ငံများတွင် ပါဝင်လျက်ရှိသည်။

စာပေမှရရှိလာသော ဗဟုသုတသည် စာဖတ်သူ၏အတွေးအခေါ်ကို နက်ရှိုင်းစေသည်။ မြော်မြင်မှုကို မြင့်မားစေသည်။ အယူအဆကို ဆန်းသစ်ခေတ်မီစေသည်။ ယင်းတို့မှာ စာတတ်ခြင်းနှင့်စာဖတ်ခြင်းမှ ရရှိလာသော အကျိုးကျေးဇူးများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးကို အမျိုးသားရေးအဖြင်ဖြင့် ညီညာဖြဒ ဆောင်ရွက်ခဲ့ကြသဖြင့် အရှိန်အဟုန်ရရှိနေပြီဖြစ်ရာ အောင်မြင်တိုးတက်မှု အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အစဉ်တစိုက် ဆက်လက်ကြိုးပမ်းသွားကြရဦးမည် ဖြစ်ပါသည်။ ။

မန္တိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင် အတွက် မိဘဘိုးဘွားတို့အား ရည်စူး၍ သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏ ၂၄ ရပ်ကွက် ရေနံ့သာလမ်းသွယ်(၄)နေ ဒေါ်ခင်အေးမူ လက်ထောက် တိုင်းပညာရေးမှူး(ငြိမ်း)က ဒွေကျပ် တစ်သိန်း၊ ဒေါ်ခင်ပု(ဥက္ကဋ္ဌ) စေတီယဂိဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းက ကျပ်တစ်သောင်း၊ ဒေါ်စိန်ချစ်၊ ဒေါ်စန်းမြင့်တို့က ကျပ် ၃၀၀၀ စုစုပေါင်း အလှူငွေကျပ် ၁၁၃၀၀၀ ကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဓိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–၀)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက်မှုများကြောင့် ဘက်စုံကဏ္ဍစုံတိုးတက်မှုများရရှိနေသည်ကို ကိုယ်တိုင်သိမြင်ခံစားနေကြရ

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဦးညီသည် စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့ စည်ပင်သာယာဝန်းမဲ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

အထွေထွေအတွင်းရေးမှူး ဝန်ကြီးက ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုင်းဝန်း ဆောင်ရွက်မှုများကြောင့် ဘက်စုံ ကဏ္ဍစုံ တိုးတက်မှုများရရှိနေသည်ကို ကိုယ်တိုင်သိမြင်ခံစား နေကြရပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သော စီးပွားရေး၊ ကျန်းမာရေးပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေး၊ စိုက်ပျိုးရေးများရရှိရေး သာမက အခြားလိုအပ်ချက်များကိုလည်း ပြည့်စုံအောင် ပိုင်းဝန်းဆောင်ရွက် လျက်ရှိရကြောင်း၊ မိမိတို့နယ်မြေ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ပိုင်းဝန်းဆောင်ရွက်ကြရေး မှာကြားပြီး ဖြူးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပညာရည်မြင့်မားရေး ဆောင်ရွက်မှုများအတွက် စေတနာရှင်များက လှူဒါန်းသော ပညာရေးရန်ပုံငွေများကို ပေးအပ်ရာ မြို့နယ် ပညာရေး မြင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်က လက်ခံသည်။

ယင်းနောက် ပညာရေးမြင့်တင်မှုကော်မတီဥက္ကဋ္ဌက ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မြို့နယ်ပညာရေးဖွံ့ဖြိုးမှု၊ စည်းရုံးဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဖြူးမြို့နယ်အတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် အထွေထွေအတွင်းရေးမှူးဝန်ကြီးသည် မြို့နယ်ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့သွားရောက်ပြီး ရပ်မိရပ်ဖများ၊ မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အသင်းကြီး၏ ချမှတ်ထားသော ရှေ့လုပ်ငန်းများအကြောင်း ရှင်းလင်းတင်ပြ ကြသည်။

ပြည်ထောင်စု ကြီးမှူးရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး ဖြူးမြို့ စည်ပင်သာယာဝန်းမတွင် ပြည်ထောင်စု ကြီးမှူးရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသင်းဝင်များ၊ ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

အင်းစိန် အထက(၂) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက မြောက်ဘာသာဂုဏ်ထူးရှင် မနိုင်မချွေသန်းအား ဆုချီးမြှင့်စဉ်။ (၆၁)

ရေးမြို့နယ် အခွန်ဆိုင်ရာ ရှင်းလင်းပေးပြော

ရန်ကုန် စက်တင်ဘာ ၇

ဘဏ္ဍာရေးနှင့် အခွန်၀န်ကြီးဌာန မွန်ပြည်နယ် ရေးမြို့နယ် ပြည်တွင်း အခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းပေးပြပွဲကို သြဂုတ် ၂၈ ရက်တွင် ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များနှင့် စည်သည်များ တက်ရောက်ကြသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူး ဦးကျော်သူ လှိုင်က အခွန်စနစ်ပေါ်ပေါက်လာပုံ၊ အခွန်အမျိုးအစားများ၊ ကောက်ခံမှုစနစ်နှင့် အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များကို လည်းကောင်း၊ ဒုတိယ ဦးစီးဌာနမှူး ဦးသန်းစိုးက အမြတ်ခွန်နှင့် ဝင်ငွေခွန်တို့ကို လည်းကောင်း၊ လက်ထောက် ဦးစီးဌာနမှူး ဦးမျိုးမြတ်ထွန်းက ကုန်သွယ် လုပ်ငန်းခွန်အကြောင်းကို လည်းကောင်း၊ လက်ထောက်ဦးစီးဌာနမှူး ဦးချမ်းသာက တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုအခွန် အကြောင်းတို့ကို လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ပေး

ဦးညန့်ဦး

ဖတ်တတ် ပြီဆို
ဦးညိုတို့. ပျော်ပွဲ

ရေးတတ် ပြီဆို
ဒေါ်ဝိုတို့. ပျော်ပွဲ

စာဖတ်သံ တည်ည့်နဲ့.
အဖန်ဖန် အားကုန်ကြိုး
တိုးတက်ဖို့.ပဲ။

မြင့်ဝင်းထက်
(စိုက်ပျိုးရေးတက္ကသိုလ်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

၂၀၀၆ခုနှစ် စက်တင်ဘာလ ၈ ရက်၊ သောကြာနေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day) ဖြစ်သည်။

ယူနက်စကိုအဖွဲ့ချုပ် (UNESCO) ၏ ဦးစီးဦးဆောင်မှုဖြင့် ၁၉၆၅ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၂ ရက်တိုင်တိုင် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (The World Literacy Congress)ကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့ရာ ၈၉ နိုင်ငံမှ ပညာရေး၀န်ကြီးများ၊ ၀န်ကြီးဌာနကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေးပညာရှင်များနှင့် ပါရဂူများ တက်ရောက်ပါ၀င် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ဤကဲ့သို့ နိုင်ငံတကာအဆင့်အနေဖြင့် စာတတ်မြောက်ရေးအတွက် ပထမဦးစွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက် စတင်ကျင်းပဖြစ်ခဲ့သည့် ထိုစက်တင်ဘာလ ၈ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အဖြစ် ကျင်းပရန် ယူနက်စကိုအဖွဲ့ချုပ်က သတ်မှတ်ပြဋ္ဌာန်းခဲ့သည်နှင့်အညီ နိုင်ငံအသီးသီးက မိမိနည်း မိမိဟန် မိမိအစီအမံဖြင့် ကျင်းပလျက်ရှိသည်ကို အထူးသတိပြု မှတ်သားမိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ပြဋ္ဌာန်းချက်များ

ကမ္ဘာ့စာတတ်မြောက်ရေးကို တွန်းတင်အားထည့်ပြီး ဆောင်ရွက်ဖြစ်ကြစေရေးသို့ ရှေးရှု၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည့် (၅၆)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင်–

၂၀၀၃ ခုနှစ်မှအစပြု၍ ၂၀၁၂ ခုနှစ် အဆုံးအထိ ဆယ်စုနှစ်ကို "ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်" (United Nations Literacy Decade) (UNLD)အဖြစ် ဆုံးဖြတ်ချက် ၅၆/၁၁၆ ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သောကြောင့် ဤဆယ်စုနှစ် (၂၀၀၃–၂၀၁၂) ကာလအတွင်း လူတိုင်းစာတတ်မြောက်ရေးကို ဖိဖိစီးစီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယခုနှစ် ၂၀၀၆ ခုနှစ်သည် ဖော်ပြပါ **"ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် " (၂၀၀၃–၂၀၁၂)** ၏ တတိယနှစ်ပင် ဖြစ်ပါသည်။

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် လူတိုင်းစာတတ်မြောက်ရေးပါ ပါ၀င်နေသည့် လူတိုင်းအတွက် ပညာရေး (Education For All) (EFA)ကိုလည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ်တာ ကာလအတွင်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရာ၌ ပိုမိုထိရောက် ထက်မြက် သွက်လက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက –

၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆယ်စုနှစ်ကာလကို **"ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်"** (United Nations Decade On Education For Sustainable Development) (UNDEFS)အဖြစ် ထပ်မံပြီး သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပြန်ပါသည်။

ယခုနှစ် ၂၀၀၆ ခုနှစ်သည် ဖော်ပြပါ **"ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်" (၂၀၀၅–၂၀၁၄)**၏ ဒုတိယနှစ်လည်း ဖြစ်နေပြန်ပါသည်။

အထက်ဖော်ပြပါ (က) **" ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်"**၏ ဦးတည်ချက်အတိုင်း လူတိုင်းစာတတ်မြောက်ရေး လုပ်ငန်းရပ်ကို (Literacy For All) နှင့်(ခ) **"ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂဆယ်စုနှစ်"** ၏ ဦးတည်ချက်တို့နှင့်အညီ လူတိုင်းစာတတ်မြောက်ရေး လုပ်ငန်းရပ် ပါ၀င်သော လူတိုင်းအတွက် ပညာရေး လုပ်ငန်းရပ် (Education For All)နှင့်တစ်ပါတည်း တွဲဖက်၍ အချိတ်အဆက်မိမိ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရမည်သာဖြစ်ပါသည်။

ပြဆိုခဲ့ပြီးဖြစ်သည့် **"ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်သည့် ပညာရေးဆိုင်ရာလုပ်ငန်း"**သည် ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်မှု၏ အဓိက ကဏ္ဍကြီးသုံးခုဖြစ်သော–

(က) စီးပွားရေး
(ခ) လူမှုရေး
(ဂ) ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေး

ကဏ္ဍကြီးသုံးခုအနက် **"လူမှုရေးကဏ္ဍ"**၌ လူတိုင်းအတွက် ပညာရေး၊ လူတိုင်းစာတတ်မြောက်ရေးတို့သည် အဓိကနှင့်လက်တွေ့ကျသော အခန်းကဏ္ဍမှ အသီးသီးပါဝင်လျက် ရှိနေပါသည်။

ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက် (၁၉၆၅) ကျင်းပခဲ့သော ၁၉၆၅ ခုနှစ်မှ ၂၀၀၅ ခုနှစ် အထိ နှစ်လေးဆယ်ကာလ တစ်နည်းအားဖြင့် ဆယ်စုနှစ်လေးစုကာလအတွင်း ကမ္ဘာ့နှင့်မြန်မာတို့၏ စာတတ်မြောက်ရေး အတွက် ကြိုးပမ်းအားထုတ်လာမှု အခြေအနေအရပ်ရပ်ကို ဆန်းစစ်လေ့လာတင်ပြ ဆွေးနွေးပါမည်။

ကမ္ဘာ့စာတတ်မြောက်လာမှုအခြေအနေ

ဖော်ပြပါ နှစ်လေးဆယ်ကာလအတွင်း ဒုတိယဆယ်စုနှစ် အလွန်တွင် လေ့လာတွေ့ရှိရသော စာရင်းအင်းအထောက်အထားများအရ ၁၉၉၀ ပြည့်နှစ်၌ အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူဦးရေသည် သန်းပေါင်း ၉၆၀ ရှိနေပါသည်။ သက်ကြီးစာမတတ်သူဦးရေ ထိုမျှများပြားလျက်ရှိပါသည်။

လူတိုင်းအတွက် ပညာရေး (EFA) ကြိုးပမ်းဆောင်ရွက်ချက်အရ ၂၀၀၀ ပြည့်နှစ်၌ အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူဦးရေသည် သန်းပေါင်း ၈၈၀ ဖြစ်လာပါသဖြင့် ထိုဆယ်စုနှစ်အတွင်း (ဆယ်နှစ်အတွင်း) သက်ကြီး စာမတတ်သူဦးရေသည် သန်းပေါင်း ၈၀ခန့်. လျော့ကျသွားသည်ကို လေ့လာဆန်းစစ်တွေ့ရှိရပါသည်။

ထို့ပြင် ကမ္ဘာ့ပညာရေးညီလာခံ (World Education Forum) (၂၀၀၀ပြည့်နှစ်) ကျင်းပပြီး **"လူတိုင်းအတွက် ပညာရေးဒါကာလုပ်ငန်းအညွှန်းဘောင်"** (The Daker Frame Work For Action)ကို ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ၌ အထက်ဖော်ပြပါ ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်၏ ဒုတိယဖြစ်သော ၂၀၀၄ ခုနှစ်တွင် အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူဦးရေသည် လေးနှစ်အတွင်း သန်း၂၀ ခန့် ထပ်မံလျော့ကျသွားသည်ကိုလည်း တွေ့မြင်ရပါသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်၏ တတိယမြောက်နှစ်ဖြစ်သော ၂၀၀၅ခုနှစ်တွင်မူ သက်ကြီးစာမတတ်သူ သန်းပေါင်း ၇၈၅ ဖြစ်လာပါသဖြင့် ခရစ်နှစ် ၂၀၀၀ပြည့်နှစ်ရှိ သက်ကြီးစာမတတ်သူသန်းပေါင်း ၈၈၀နှင့် နှိုင်းယှဉ်ကြည့်ပါလျှင်မူကား ငါးနှစ်အတွင်းသန်း ၉၀ခန့်လျော့ကျသွားကြောင်းကို ထပ်လောင်းလေ့လာချက်အရ တွေ့ရှိမှတ်သားထားရပါသည်။

စတုတ္ထမြောက်နှစ်ဖြစ်သော ၂၀၀၆ ခုနှစ်တွင်မူ သက်ကြီးစာမတတ်သူ ၇၇၁ သန်းခန့်ဖြစ်လာသောကြောင့် ၂၀၀၅ ခုနှစ်နှင့်စာလျှင် တစ်နှစ်အတွင်း စာမတတ်သူ ၁၄ သန်းခန့် ထပ်မံ လျော့ကျသွားသည်ဟု ဆိုနိုင်ပါသည်။

သက်ကြီးစာမတတ်သူ၏ သုံးပုံနှစ်ပုံသည် အမျိုးသမီး စာမတတ်သူများဖြစ်နေခြင်းကြောင့် အမျိုးသမီးများစာတတ်မြောက်လာအောင် အထူးကြိုးပမ်းအားထုတ်သွားရန် လိုအပ်လျက်ရှိနေပါသည်။

ဤအကြောင်းအရာနှင့် ဆက်နွှယ်နေသော သက်ငယ်ကျောင်းနေအရွယ်ကလေးများ ကျောင်းမနေဖြစ်သေးသည်ကိုလည်း တစ်ဆက်တည်း တင်ပြလိုပါသည်။ လေ့လာတွေ့ရှိရသော စာရင်းအင်းအထောက်အထားများအရ ယခုအခါ ကျောင်းနေအရွယ်ကလေး သန်းပေါင်းတစ်ရာခန့်သည် ကျောင်းသို့မရောက်ရှိကြသေးဘဲ ဖြစ်နေပါသေးသည်။

ဤသို့ ကျောင်းနေအရွယ် ကလေးများ ကျောင်းမနေဖြစ်ခြင်းကြောင့် အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများဖြစ်လာနိုင်ကြပါသည်။ သို့ဖြင့် စာမတတ်သူသက်ကြီးဦးရေကို တိုးတက်များလာစေနိုင်ပါသည်။

သို့ဖြစ်၍ တစ်ဖက်တွင် သက်ကြီးစာမတတ်သူ လျော့ပါးပေါ်ပေါက်စေရေးအတွက် ကြိုးပမ်းနေချိန်အတွင်း အခြားတစ်ဖက်၌လည်း ဤသက်ငယ်ကျောင်းနေအရွယ်ကလေးများအား ကျောင်းနေဖြစ်စေရန် လူတိုင်းအတွက် ပညာရေးအစီအစဉ်အရ မလွဲမသွေမှုချဆောင်ရွက်သွား ကြရမည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်လာမှုအခြေအနေ

ကိုယ့်မင်းကိုယ်ချင်းဘဝ မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် စာတတ်သူ ၈၅ ရာခိုင်နှုန်းအထိများပြားခဲ့သည်။

သို့ရာတွင် နိုင်ငံရပ်ခြားတိုင်းတစ်ပါးအောက် ရောက်သွားသော အချိန်တွင် စာတတ်မြောက်မှု သိသိသာသာကျဆင်း လျော့ပါးသွားပြီး စာမတတ်သူ တိုးပွားများပြားလာခဲ့ပေသည်။

၁၉၄၈ ခုနှစ်တွင် စာမတတ်သူ ၆၅ ရာခိုင်နှုန်းအထိ များပြားပြီး စာတတ်သူရာခိုင်နှုန်းမှာ ၃၅ရာခိုင်နှုန်း သာရှိပါတော့သည်။ ဤအခြေအနေသည် မြန်မာနိုင်ငံ စာတတ်မြောက်မှုသမိုင်း၏ နောက်ခံအခြေအနေ ပင်ဖြစ်ပေသည်။

လွတ်လပ်ရေးရရှိသည့် ၁၉၄၈ခုနှစ်တွင် **လူထုပညာရေးအက်ဥပဒေ** ကို ပြဋ္ဌာန်းပြီး လူထုပညာရေးကောင်စီကို ဖွဲ့စည်းကာ လူထုပညာရေး (Mass Education)အစီအစဉ်အရ "အ" သုံးလုံးကျေ သင်တန်းများ ဖွင့်လှစ်၍ သက်ကြီးစာမတတ်သူများကို စာတတ်မြောက်လာအောင် ကြိုးစားအားထုတ်ခဲ့ကြပါသည်။

၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ၂၄နှစ်ကာလအတွင်း သက်ကြီး စာမတတ်သူ လျော့ပါးပျောက်ရေး အစီအစဉ်အရ ပြည်သူများအတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံနှင့်အဝန်း တစ်ခဲနက် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သို့ဖြင့် စာမတတ်မြောက်မှုသည် ၂၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပြီး စာတတ်မြောက်မှု ရာခိုင်နှုန်းသည် ၇၈ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်မှုရရှိလာခဲ့ပေသည်။

ထိုမှတစ်ဖန် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း၌ လူတိုင်းအတွက် ပညာရေး (EFA)အစီအစဉ်အရ **"ကျောင်းပြင်ပ ပညာရေး"** (Non-Formal Education)အနေဖြင့် လူတိုင်းစာတတ်မြောက်ရေးသို့ ရှေးရှုကြိုးပမ်းဆောင်ရွက်မှုပြုခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ၉၁ ရာခိုင်နှုန်း စာတတ်မြောက်လာသည်အထိ တိုးတက်လာခဲ့သည်ကို လေ့လာသိရှိရပါသည်။

ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ပညာရေး အထူးလေးနှစ်စီမံကိန်းနှင့် ပညာရေးနှစ်ရှည် နှစ် (၃၀) စီမံကိန်းတို့အရ ကျောင်းပြင်ပ ပညာရေး အစီအစဉ်ဖြင့် လူတိုင်းစာတတ်မြောက်ရေးအတွက် ကျောင်းသင်ပညာရေးနှင့် တွဲဖက်ပြီး ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြပါသည်။

လူတိုင်းစာတတ်မြောက်စေရေးအတွက် လူတိုင်းအတွက် ပညာရေးအရ ကျောင်းသင်ပညာရေး အစီအမံဖြင့် ကျောင်းနေအရွယ် ကလေးများအား ကျောင်းနေဖြစ်ရေးကို တစ်ဖက်တွင် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ အခြားတစ်ဖက်တွင်လည်း ကျောင်းနေအရွယ်လွန်သူ သက်ကြီးများ စာတတ်မြောက်လာစေရေးအတွက် ကျောင်းပြင်ပ ပညာရေး အစီအမံဖြင့် တစ်ပြိုင်တည်း ထိုအစီအစဉ်နှစ်ရပ်စလုံးဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လာကြရာ အောက်ဖော်ပြပါအတိုင်း အကျိုးရလဒ်အသီးသီး ထွက်ပေါ်လာနေပါသည်–

သူငယ်တန်းကျောင်း၀င်နှုန်း		သက်ကြီးစာတတ်လာမှုနှုန်း	
ခုနှစ်	ရာခိုင်နှုန်း	ခုနှစ်	ရာခိုင်နှုန်း
၂၀၀၀ပြည့်နှစ်	၉၁ဒသမ၀	၂၀၀၀ပြည့်နှစ်	၉၁ဒသမ၀
၂၀၀၁	၉၁ဒသမ၅	၂၀၀၁	၉၁ဒသမ၄
၂၀၀၂	၉၂ဒသမ၀၅	၂၀၀၂	၉၁ဒသမ၈
၂၀၀၃	၉၂ဒသမ၀၇	၂၀၀၃	၉၂ဒသမ၂
၂၀၀၄	၉၃ဒသမ၀၅	၂၀၀၄	၉၃ဒသမ၃
၂၀၀၅	၉၇ဒသမ၀၅	၂၀၀၅	၉၃ဒသမ၆
၂၀၀၆	၉၇ဒသမ၈၄	၂၀၀၆	၉၄ဒသမ၃၅

သက်ကြီးစာတတ်မြောက်ရေး အစီအမံအရ စာတတ်မြောက်လာသူများအား ဆက်လက်၍ စာဖတ်ဖြစ်အောင်၊ စာဖတ်ရှုနိုင်မြင့်မားလာအောင်၊ ဆက်လက်၍ သင်ယူလေ့လာဆည်းပူးဖြစ်အောင် ၎င်းတို့အတွက် ပညာရေး ဝန်းကျင်ကောင်း (Learning Environment) အဖြစ် **"ရပ်ရွာပညာပဒေသာဌာနများ"** (Community Learning Centers) (၈၄၆)ကို ဖွင့်လှစ်စီစဉ်ပေးလျက်ရှိသည်။ **စာမျက်နှာ ၇ ကော်လံ ၁**

လက်နက် ၆၀၀နီးပါး ပါရာဂွေးၨ၌ သိမ်းဆည်းရမိ

ဗျူနုအေရိစ် စက်တင်ဘာ ၅

ပါရာဂွေးနိုင်ငံရဲတပ်ဖွဲ့သည် ဘရာဇီးနိုင်ငံ နယ်စပ်အနီးရှိ ပီဒရိုဂျွန် ကဘယ်လီရိုဖြို့တွင် တနင်္လာနေ့က ရုတ်တရက် ဝင်ရောက်စီးနင်းရှာဖွေရာ လက်နက် ၆၀၀ နီးပါးကို သိမ်းဆည်းရမိလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

လက်နက်များ

ပီဒရိုဂျွန်ကဘယ်လီရို ဖြို့သည် ပါရာဂွေးနိုင်ငံ ဖြို့တော်အဆန်းရှင်း၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၅၀၀ အကွာရှိ နယ်စပ်ဖြို့တစ်ဖြို့ဖြစ်သည်။ ယင်းဖြို့ရှိ နေအိမ်တစ်အိမ်တွင် ငါးမီတာနက်သည့် တွင်းတစ်တွင်းထဲမှ လက်နက်များကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

လက်နက်များ

သိမ်းဆည်းရမိသော လက်နက်များတွင် ဆုံလည်သေနတ်ဆိုက်စုံ ၂၂၂ လက်၊ ၉ မမ သေနတ် ၁၉၅ လက်၊ ပြောင်းချောသေနတ် ၁၇၄ လက်နှင့် ယမ်းတောင့် ၈၆၆၅ တောင့်တို့ ပါဝင်သည်။ **အမ်အင်အေ-ဆင်ဟွာ။**

ဩစတြေးလျနိုင်ငံ ဒါဝင်ဖြို့ အရှေ့ဘက်ရှိ ရိန်းဂျာ ယူရေနီယမ် သတ္တုမိုင်းကို စက်တင်ဘာ ၆ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဝန်ကြီးချုပ်တို့နိုဘလဲ နောက်နှစ်ဇူလိုင်လ၌ နုတ်ထွက်မည် ဖြတိန်နိုင်ငံ ဆန်းသစ်စာက ရေးသားဖော်ပြ

လန်ဒန် စက်တင်ဘာ ၆

ဖြတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် လေဘာပါတီခေါင်းဆောင်အဖြစ်မှ လာမည့်နှစ် မေ ၃၁ ရက်တွင် နုတ်ထွက်ပြီးသည့်နောက် ဇူလိုင် ၂၆ ရက်တွင် ရာထူးမှ ဆင်းလိမ့်မည်ဖြစ်ကြောင်း ဆန်းသစ်စာက ဗုဒ္ဓဟူးနေ့၌ ရေးသားဖော်ပြလိုက်သည်။

ဖြတိန်ဝန်ကြီးချုပ်တိုနီဘလဲ ရာထူးမှ ထွက်မည့် ကိစ္စကို မိမိတို့သိရှိထားသည်ဟု ဆန်းသစ်စာ နိုင်ငံရေးသတင်း အယ်ဒီတာ ကျောဂျဲပတ်စကို တက်ဆန်က စကိုင်းနယူးစ် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

တိကျမြောနိုင်

မိမိတို့အနေဖြင့် တိုနီဘလဲ၏ ဒိုင်ယာရီတွင် ရေးသားသည့် ရက်ကို တိတိကျကျ ပြောနိုင်စွမ်းရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တိုနီဘလဲ၏ ဝန်ကြီးချုပ်ရုံးက ဝေဖန်ပြောကြားမှု မရှိသေးပေ။ တိုနီဘလဲ နုတ်ထွက်မည့် အချိန်ဇယားကို ခန့်မှန်းပြောကြားမှုများနှင့် စပ်လျဉ်း၍ မိမိတို့ ဝေဖန်ပြောကြားလိုစိတ်မရှိဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

လက်ယာ ဝါဒယိမ်းပြီး ဖြတိန်နိုင်ငံတွင် စောင်ရေ အများဆုံးရောင်းချနေရသည့် အဆိုပါ သတင်းစာက နိုင်ငံရေး အထူးသတင်းများအပေါ် တိတိကျကျ ခန့်မှန်းရေးသားနိုင်သည့် အစဉ်အလာရှိခဲ့သည်။

တိုနီဘလဲ၏ ဘဏ္ဍာရေးဝန်ကြီးဂေါ်ဒွင်ဘရောင်းသည် ၎င်း၏နေရာတွင် ဆက်ခံဖွယ်ရှိသူဖြစ်ကြောင်း အယ်ဒီတာ ပတ်စကိုဝက်ဆန်က ပြောကြားသည်။ **အမ်အင်အေ-ရိုက်တာ။**

အစ္စရေးတို့ လက်ဘနွန်နိုင်ငံကို ပိတ်ဆို့ထားသည့် ကြားမှ ဘေရွတ်လေယာဉ်ကွင်းသို့ ဆင်းသက်လာသော ကာတာလေကြောင်းလိုင်း လေယာဉ်တစ်စင်းကို စက်တင်ဘာ ၄ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံအနောက်ပိုင်းတွင် တိုက်ခိုက်မှုပြုမံမှား အဓမ္မရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၆

အီရတ်နိုင်ငံရှိ အယ်-အန်ဘာပြည်နယ်အတွင်းတွင် တိုက်ခိုက်ခံရသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ရေတပ်သားတစ်ဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

တပ်ရင်းတိုက်ခိုက်ရေးအဖွဲ့(၅)မှ ၎င်းတပ်ဖွဲ့ဝင်သုံးဦးသည် ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသော်လည်း အသေးစိတ် မသိရပေ။

ရှစ်ဦး

အမေရိကန်စစ်ဘက်က အီရတ်၌ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းသွားပြီဟု ပြောကြားနေလင့်ကစား အမေရိကန်စစ်ဘက်တွင် နေ့စဉ်အသေအပျောက် ပေါ်ပေါက်လျက်ရှိသည်။ ဆွန်နီ ပြောက်ကျားများ၏ ခြေကုပ်စခန်းဟု ယူဆရသည့် အယ်-အန်ဘာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး လွန်ခဲ့သည့်နှစ်ရက်အတွင်းက သေဆုံးခဲ့သည်။

၂၆၀ ထက်မနည်း

၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်း အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၆၅၃ ဦးထက် မနည်းရှိသည်ဟု သတင်းဌာနဖော်ပြချက်အရ သိရှိရသည်။

အမ်အင်အေ-ဆင်ဟွာ။

စက်တင်ဘာ ၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း ပါလမ်ဘန်းဖြို့အနီးတွင် ထောမီးလောင်မှုကို မီးသတ်သမားများက ငြိမ်းသတ်ကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လျှို့ဝှက်အကျဉ်းစခန်းများတည်ရှိမှု သမ္မတဘုရှ် ဝန်ခံပြောကြား

ဝါရှင်တန် စက်တင်ဘာ ၇

ကျူးဘားနိုင်ငံ ဂွတနာမိုပင်လယ်အော်ရှိ အမေရိကန်ရေတပ် အကျဉ်းစခန်းသို့ စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများမှ အကြမ်းဖက်သမားများ အဖြစ် မသတ်မီသူ ၁၄ဦးကို လွှဲပြောင်းပေးခဲ့သည်ဟု ကြေညာခြင်းအားဖြင့် လျှို့ဝှက်အကျဉ်းစခန်းများ ဖွင့်လှစ်ထားမှုကို သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ် ဝန်ခံခြင်းဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ သတင်းတွင် ဖော်ပြသည်။

သမ္မတဘုရှ်က အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အိမ်ဖြူတော်တွင် မိန့်ခွန်းပြောကြားရာ၌ ဖော်ပြပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

သမ္မတဘုရှ်အစိုးရသည် စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများ တည်ရှိမှုကို ပထမဆုံးအကြိမ် ထုတ်ဖော်လိုက်သည် လက္ခဏာဖြစ်သည်။

ထိန်းသိမ်းခံထားရသည့်အကြမ်းဖက် သမားဖြစ်ဖွယ်ရှိသူများမှာ စက်တင်ဘာ ၁၁ရက် အကြမ်းဖက် တိုက်ခိုက်မှု၊ ယမင်၌ အမေရိကန် စစ်သင်္ဘောကိုးလ်ကို ၂၀၀၀ပြည့်နှစ်က ဗုံးဖောက်ခွဲ တိုက်ခိုက်မှု၊ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံရှိ အမေရိကန်သံရုံးများကို ၁၉၉၈ခုနှစ်က တိုက်ခိုက်ခဲ့မှု စသည့် အကြမ်းဖက်မှုများတွင် ပါဝင်သူများဖြစ်သည်ဟု ဘုရှ်က ပြောကြားသည်။

အမေရိကန်၏ လုံခြုံရေးနှင့် အမေရိကန်ပြည်သူများကို ကာကွယ်နိုင်သည်ဆိုမှ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်မှု ပေါ်တွင် တည်မှီကြောင်း ဘုရှ်က ပြောကြားသည်။ **အမ်အင်အေ-ဆင်ဟွာ**

ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ဂရိနှင့် ထိုင်းလက်မှတ်ရေးထိုး

အေသင် စက်တင်ဘာ ၆

ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို ဂရိနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ဗာနီပယ်လီဗီထရာလီယာနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆူရာကိယတ်ဆတ်သီရာ ထိုင်းတို့က အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

ဂရိနှင့်ထိုင်းနိုင်ငံတို့အကြား ကမ္ဘာလုံးသည် ခရီးသည်များ သွားလာမှု လွယ်ကူချောမောစေရန် သဘောတူကြကြောင်း စာချွန်လွှာတွင် ဖော်ပြထားသည်။

သတင်းအချက်အလက်နှင့် ကြော်ငြာများဖလှယ်သည့် အစီအစဉ်ဖြင့်ခရီးသွားလုပ်ငန်းစီမံကိန်းကို မြှင့်တင်ပေးရန်နှင့် ခရီးသွားလုပ်ငန်းတွင် ဂရိနှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလာစေရေးအတွက် တိုက်တွန်းရန် နှစ်နိုင်ငံ သဘောတူကြသည်။

ယင်းစာချုပ်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုအတွက် အလွန်အရေးပါကြောင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီးတွင် ဂရိနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ-ဆင်ဟွာ။

အိန္ဒိယ၌ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

နယူးဒေလီ စက်တင်ဘာ ၆

အိန္ဒိယနိုင်ငံ ရဲတပ်ဖွဲ့သည် အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် တန်ဖိုးရှိ အက်ဖီဒရင်း ကီလို ၅၅၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း အင်ဒို-အာရျသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့သည် နယူးဒေလီဖြို့တောင်ပိုင်း အိုခလာအရပ်၌ ပြည်တွင်းကုန်သေတ္တာ ဂိုဒေါင်ရှိ ကုန်သေတ္တာများတွင် ထည့်ထားသော မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရို (အင်စီဘီ) တာဝန်ရှိသူများက သတင်းထောက်များအား တနင်္လာနေ့က ပြောကြားသည်။

လူနှစ်ဦးကို ဖမ်းဆီးထားပြီးဖြစ်ကြောင်း၊ နယူးဒေလီဖြို့နှင့် အခြားပြည်နယ်များတွင် ရုတ်တရက်ဝင်ရောက်ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အင်စီဘီဒုတိယညွှန်ကြားရေးမှူးချုပ် အွမ်ပရာကက်ရှ်က ပြောကြားသည်။

အမ်အင်အေ-ဆင်ဟွာ။

ပင်လယ်ရေကြောင်း လိုင်းသစ်ဖွင့်လှစ်ရန် သဘောတူလက်မှတ်ရေးထိုး

ချန်ရွှန် စက်တင်ဘာ ၆

တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံဆက်သွယ်သော ပင်လယ်ရေကြောင်းလိုင်းတွင် ပုံမှန်ကုန်သယ်ယူရေးနှင့် ခရီးသွားလာရေးလုပ်ငန်းသစ် ပူးပေါင်းဖွင့်လှစ်ရန် တရုတ်၊ ရုရား၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကသဘောတူညီခဲ့ကြကြောင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဒေသဆိုင်ရာ တာဝန်ခံရှိသူတစ်ဦးက စက်တင်ဘာ ၅ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

အဆိုပါရေကြောင်းလိုင်းသစ်ကိုနောက်နှစ်အစောပိုင်းတွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ တရုတ်နိုင်ငံအရှေ့မြောက်ဘက် ကိုလင်ပြည်နယ်၏ အဓိကဆိပ်ကမ်းဖြို့ ဖြစ်သော ဟူဇွန်မှ ဂျပန်နိုင်ငံ နီဂါတာ ဆိပ်ကမ်းအထိ သွားလာမည်ဖြစ်သည်။အဆိုပါခရီးသည်ရေမိုင်အားဖြင့် မိုင် ၈၀၀ ရှိပြီး ရုရှား ဇာရွာဗိုနိုဆိပ်ကမ်းနှင့် တောင်ကိုရီးယား ဆော့စ်ချီဆိပ်ကမ်းတို့ကိုလည်း ဖြတ်သန်းမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



အရှေ့မြောက်အာရှကုန်သွယ်ရေးပြဿနာတရုတ်မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးစက်ရုပ် ပြသ

ချန်ရွှန် စက်တင်ဘာ ၆

တရုတ်နိုင်ငံ ကျိလင်ပြည်နယ် အရှေ့မြောက်ပိုင်း၌ ပြုလုပ်သည့် ဒုတိယအကြိမ် အရှေ့မြောက် အာရှ ရင်းနှီးမြှုပ်နှံ မှုနှင့် ကုန်သွယ်ရေးပြပွဲတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး စက်ရုပ် အသစ်ကို ပြသထားရာ လူများ လာရောက်ကြည့်ရှုကြသည်။

လင်ဇီအိပ်ချ်ဟု အမည်ပေးထားသော နောက်ဆုံးပေါ် အကြမ်းဖက်မှု တိုက်ဖျက်ရေး ခေတ်မီ စက်ရုပ်အသစ်ကို ရှန်ယန်စက်ကိရိယာ သင်တန်းကျောင်းနှင့် တရုတ်အကယ်ဒမီသိပ္ပံတို့ ပူးပေါင်းပြုလုပ်ကြခြင်း ဖြစ်သည်။

တင့်ကားနှင့် ဝန်ချီစက် ပေါင်းစပ်ထားသည့် ပုံသဏ္ဌာန်မျိုးဖြစ်ပြီး ကိလိုဂရမ် ၂၀၀ ရှိ ယင်းစက်ရုပ်ကို ဗုံးရှာဖွေရေးနှင့် ရှင်းလင်းရေးတို့တွင် အဓိကထား သုံးစွဲသွားမည်ဖြစ်သည်။

စက်ကိရိယာ သင်တန်းကျောင်းမှ တိထွင်ထုတ်လုပ်သော တိုက်ခိုက်ရေး စက်ရုပ်များအနက် ယခုစက်ရုပ်သည် တတိယမြောက် စက်ရုပ်ဖြစ်ပြီး တရုတ်နိုင်ငံတွင် နည်းပညာ အမြင့်မားဆုံး စက်ရုပ်ပင် ဖြစ်ကြောင်း အဆိုပါ သင်တန်းကျောင်းမှ သုတေသနပညာရှင် ဘိုင်ဟာရုန်က ပြောကြားသည်။

အဆိုပါ စက်ရုပ်သည် လူပ်ရှားသွားလာနိုင်ပြီး ကြမ်းတမ်းသော လမ်းများကိုလည်း ကျော်ဖြတ်သွားလာနိုင်ကြောင်း။

စက်ရုပ်သည်ငါးကီလိုဂရမ်လေးသော ပစ္စည်းကိုလည်း ဆုပ်ကိုင်ထားနိုင်ကြောင်း၊ အရပ်မှာ စင်တီမီတာ ၈၀ မြင့်သော်လည်း ဦးခေါင်းအထက် ၁၉၀ စင်တီမီတာခန့်အထိ လက်ကို ဆန့်တန်းနိုင်ကြောင်း ဘိုင်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်ရှစ်လအတွင်း ငရုတ်ကောင်းတင်ပို့မှု မြင့်တက်လာ

ဟန္ဓိုင်း စက်တင်ဘာ ၆

ကမ္ဘာတစ်ဝန်း၌ ငရုတ်ကောင်း အများဆုံးတင်ပို့နေသည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမရှစ်လ အတွင်း အမေရိကန်ဒေါ်လာ ၁၄၉ သန်းတန်ဖိုးရှိ ငရုတ်ကောင်း တန်ချိန် ၁၀၂၀၀၀ကို ပြည်ပသို့တင်ပို့ရောင်းချခဲ့ရာ နှစ်အလိုက် တင်ပို့မှုတွင် တန်ဖိုးအားဖြင့် ၃၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၄၃ ဒသမ ၁ရာခိုင်နှုန်း အသီးသီး မြင့်မား လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ပြည်ပသို့ တင်ပို့သည့် ပမာဏများပြားလာရခြင်းသည် အဓိကအားဖြင့် ငရုတ်ကောင်းမှုန့် ပမာဏအများအပြား ထုတ်လုပ်နိုင်မှုနှင့် ကမ္ဘာတစ်ဝန်း၌ ငရုတ်ကောင်းစျေးမြင့်မားလာမှုကြောင့် ဖြစ်သည်ဟု ဗီယက်နမ် ငရုတ်ကောင်းအသင်းက အင်္ဂါနေ့တွင် ပြောကြားသည်။

မကြေတ်ခဲ့ရသေးသည့် ငရုတ်ကောင်း အစေ့ကိုသာ ပြည်ပသို့တင်ပို့ရောင်းချလေ့ရှိသည့် ဗီယက်နမ်သည် အဆင့်မြင့် ငရုတ်ကောင်းထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအများအပြားပြုလုပ်ခဲ့ပြီး ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့က သတ်မှတ်ထားသည့် အရည်အသွေးနှင့်အညီ ထုတ်လုပ်ပျက်ရှိကြောင်း အဆိုပါအသင်းက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံတွင် ငရုတ်ကောင်း ဟက်တာ ၅၂၅၀၀စိုက်ပျိုးနေပြီး ပျမ်းမျှအားဖြင့် တစ်ဟက်တာလျှင် ငရုတ်ကောင်း ၂ ဒသမ ၃တန် ထွက်ရှိသည်ဟုဆိုသည်။**အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟီဘက်ဒေသမှ နှစ်ပေါင်း ၂၀၀၀ သက်တမ်းရှိ ယမ်ဘူလာကန် ရေးဟောင်းနန်းတော်ကို ထွေ့ရစဉ်။

(ဓာတ်ပုံ–ချိုင်းနားပစ်တိုရီယယ်)

၂၀၀၇ခုနှစ်ကို မလေးရှားခရီးသွားနှစ်အဖြစ် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိ

ကွာလာလမ်ပူ စက်တင်ဘာ ၅

၂၀၀၇ ခုနှစ်ကို မလေးရှားနိုင်ငံ ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားရာ ခရီးသွားများ စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များဖြင့် ဧည့်သည်များ ပိုမိုလာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက စက်တင်ဘာ ၄ရက်တွင် ဖော်ပြသည်။

စိတ်ဝင်စားဖွယ် အစီအစဉ်များမှာ ရုရှားအာကာသလွန်းပြန်ယာဉ်ဟောင်း၊ မီတာ ၁၀၀ အဖြင့်ရှိ ရဟတ်နှင့် နိုင်ငံတကာ မီးရှူးမီးပန်းလွှတ်ပြိုင်ပွဲတို့ကို ပြသထားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဌာနဝန်ကြီး တန်ကူအက်ဒ်နန် တန်ကူမန်ဆော်က ပြောကြားသည်။

အဆိုပါ စိတ်ဝင်စားဖွယ်ရာများဖြင့် မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်ဟောင်ကိုရီးယား၊ မလေးရှား နိုင်ငံတို့သည် အဆိုပါလွန်းပြန်ယာဉ် ဟောင်းကို ပြသရန် လေလံဆွဲရာမှ မလေးရှားနိုင်ငံ အနိုင်ရရှိခဲ့သည်။ လာမည့်နှစ် ဇွန်လမှ သြဂုတ်လအထိ မလေးရှား နိုင်ငံတွင် လေကြောင်းပြပွဲ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါပွဲ ကျင်းပပြုလုပ်မည့် အချိန်တွင် အာကာသသို့ မလေးရှားနိုင်ငံမှ အာကာသယာဉ်မှူးအဖြစ် ပထမဆုံး လိုက်ပါမည့်အချိန်ဖြစ်သည်ဟု တန်ကူအာနန်က ပြောကြားချက်ကို သည်စာတားသတင်းစာက ဖော်ပြသည်။

ကွာလာလမ်ပူ ဖြို့လယ်ကောင်တွင် ရဟတ်ကို တည်ဆောက်ဖွင့်လှစ်ထားမည်ဖြစ်သည်။ ယင်းရဟတ်ကို တစ်နှစ်ပတ်လုံး စီးနင်းနိုင်အောင် ဖွင့်လှစ်ထားမည်ဖြစ်သည်။

ၾင်းအပြင် နာမည်ကျော် ဆေးမင်ကြောင်ရုပ်ပြပွဲနှင့် သစ်သီးဝလံ ပန်းမာန်ပြပွဲတို့ကိုလည်း ဖွင့်လှစ်ထားမည်ဖြစ်သည်။

နှစ် ၅၀ပြည့် မလေးရှားနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် ၂၀၀၇ခုနှစ်တွင် ခရီးသွားဧည့်သည် သန်း ၂၀ မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ် ကျိမန်ဖြို့၌ ကျင်းပသော အနုပညာပြပွဲမှ ယွန်းထည် ပစ္စည်းတစ်ခုကို စက်တင်ဘာ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်ဖြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းရှိ စားသောက်ဆိုင်များသို့ အမေရိကန်ခရီးများ ရောင်းချနေသူတစ်ဦးကို ဖမ်းဆီး

ကွိုလင် (ကွမ်စီကျမ်း) စက်တင်ဘာ ၆

တရုတ်နိုင်ငံပေကျင်းမြို့ရှိ စားသောက်ဆိုင်များသို့ တောင်အမေရိကတိုက်မှ ခရီးများ တင်သွင်းရောင်းချနေသူဟု ယူဆရသူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တရုတ်နိုင်ငံတောင်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကွမ်စီကျမ်းဒေသမှ ကွိုလင်ရှိ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနက ပြောကြားသည်။ သို့ရာတွင် ၎င်းသည် တရားခံဟုတ်မဟုတ်မသိရသေးဟု ပြောကြားသည်။

စားသောက်ဆိုင်များက ပေးပို့ထားသည့် ပစ္စည်းအမှာစာများနှင့်အတူ ၎င်းကို တနလာဂနေ့က ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟု အထက်ပါဌာနမှ တာဝန်ရှိသူ ဟုဂျိလ်တစ်ဦးက ပြောကြားသည်။ ရွာဂျူယိုယန်ယီ စားသောက်ဆိုင်တွင် စားသုံးသူ ၈၀ ကျော်တို့သည် အစိမ်းလိုက်သို့မဟုတ် မနှုံးမနပ် ချက်ပြုတ်ထားသည့် အဆိုပါခရုများကို စားသောက်ခဲ့သဖြင့် နာမကျန်း ဖြစ်ခဲ့ရသည်။ အဆိုပါခရုများကို နမူနာအဖြစ် စမ်းသပ် စစ်ဆေးရေးအတွက် ယူဆောင်သွားခဲ့သည်။ ခရုများ တင်သွင်းရောင်းချသူ၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ပေကျင်းသို့ ယင်းခရုများ တင်သွင်းရောင်းချနေသူသည် ၎င်းတစ်ဦးတည်းမဟုတ်ဟု ဆိုသည်။

အဆိုပါခရုများ တင်သွင်းရောင်းချသူက စီးပွားရေးလုပ်ငန်းအဖြစ် လွန်ခဲ့သည့် နှစ်နှစ်က စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ခရုများကို တစ်ကီလို၀ရမ်လျှင် (အမေရိကန်ဆယ်ဆင့်) သုညဒသမ ၈ ယွမ်ဖြင့် ဝယ်ယူခဲ့ပြီး ပေကျင်းနှင့် ကွမ်ကျိုမြို့ရှိ ရောင်းဝယ်သူများထံသို့ တစ်ကီလို၀ရမ်လျှင် ၂ဒသမ ၈ ယွမ် (အမေရိကန် ၃၅ဆင့်) ဖြင့် ရောင်းချခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



စာအလင်းရောင် လမ်းပြဆောင်

ရေနံ့သာမောင်ကျော်ညွှန့်

(ပါဒ၊ အချ၊ အချီ သုံးချက်ညီ ပိုဒ်စုံရတဲ့)

☆ **ဖော်ညွှန်းဆင်ရာ၊ မော်ကွန်းစာတည့်**
ရာစုနှစ်ဆယ့်တစ်၊ ပညာခေတ်တွင်
ဆန်းသစ်စုံစွာ၊ နည်းပညာနှင့်
ကမ္ဘာကြီးအား၊ လွှမ်းမိုးထားသည်
နိုးကြားတီထွင်၊ ခေတ်နှင့်ယှဉ်ဖို့
အစဉ်သဖြင့်၊ သင်ယူခွင့်ကို
မျှော်လင့်ရည်သန်၊ ဒို့နိုင်ငံ၌
ကြွင်းကျန်ကွယ်ပျောက်၊ **'စာတတ်မြောက်'** ရန်
ကောက်သင်းကောက်ယူ၊ ဝိုင်းဝန်းကူ၍
လူတိုင်းစာတတ်၊စာပေဖတ်ပြီ
မှတ်ဖွယ်မှတ်ရာ၊ နည်းပညာတို့
စာပေထဲမှ၊ ရှာဖွေရကာ
လောကဝန်းကျင်၊ အလှဆင်ရင်း
ဉာဏ်အင်မှားတိုး၊ အသိနိုးလျက်
ကောင်းကျိုးဆောင်နိုင်၊ စွမ်းအားခိုင်မို့
နိုင်ငံသစ်ရွှန်း၊ တစ်ခေတ်ထွန်းသည်
မော်ကွန်းတင်စာ တည်စေသော်။

☆ **မော်ကွန်းတင်စာ၊ ဖော်ညွှန်းရာတည့်**
စာပေဖတ်ရှု၊ လေ့လာမှုဖြင့်
သုတပွားကြွယ်၊ သိကြားလွယ်မို့
စွယ်နဲ့ပြည့်ဝ၊ နှလုံးလှကာ
ဘဝသစ်လွင်၊ ကောင်းကျိုးဆင်လျက်
မြော်မြင်နိုင်းချင့်၊ စွမ်းရည်မြင့်သည်
ကိုယ်ကျင့်ကောင်းမွန်၊ ကျရာဝန်၌
'အားသွန်ကြိုးပမ်း၊ ရွက်ဆောင်ထမ်းကာ'
စွမ်းစွမ်းတမံ၊ ဇွဲခိုင်သန်သည့်
လျင်မြန်သွက်လက်၊ ဉာဏ်ရည်ထက်သည်
စွဲမက်မွေ့လျော်၊ စာဖတ်ပျော်၍
တွေးခေါ်ကြံဆ၊ ကြီးမြတ်လှစွာ
'လမ်းပြဦးဆောင်၊ စာဂုဏ်ရောင်နှင့်'
အောင်ပန်းဆွတ်ခူး၊ အောင်သံကျူးကာ
ဆုထူးအောင်နိုင်၊ အောင်ပွဲဖြိုင်ဖို့
ပိုင်တည်ခဲ့ညွှန်း၊ စာမော်ကွန်းသည်
ပေါ်ထွန်းလင်္ကာ စီစေသော်။

☆ **ပေါ်ထွန်းလင်္ကာ၊မော်ကွန်စာတည့်**
ပညာခေတ်ထဲ၊ အနေရခြို
ပွဲလယ်တင့်ကာ၊ ခွင့်ကောင်းခါမို့
စာပေတတ်ကျွမ်း၊ ပညာပန်းကို
ဆင်မြန်းကိုယ်စီ၊ စွမ်းဆောင်ရည်ဖြင့်
ခေတ်မီဖွံ့ဖြိုး၊ စည်းစိမ်ဘိုးအောင်
ကိုးစားသည်ဉာဏ်၊ နိုးကြားမာန်နှင့်
ခိုင်သန်သည့်အား၊ စွဲတည်ပွားကာ
ရှိုးသားသည့်မှု၊ ထုံးနည်းယူ၍
'လူမှုကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
မျိုးရိုးသိကွာ၊ ဘုန်းသမ္ဘာနှင့်
ဓာတိပုည၊ ဝုဏ်မာနလျှင်
တောက်ပထင်ပေါ်၊ ဧမ္မူကျော်မို့
မော်မော်ကြွားကြွား၊ မြန်မာများ' ဟု
ခဲ့ညားထည်ဝါ၊ ဤကမ္ဘာ၌
မြန်မာဦးစွန်း၊ တင့်တင့်ရွန်းသည်
ဖော်ညွှန်းဆင်ရာ ပီစေသော်။ ။

တောင်တန်းသာသနာပြုအလှူငွေ ပေးအပ်ပွဲ နေ့ရက်၊ အချိန် ပြောင်းလဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက တောင်တန်းသာသနာပြု အလှူငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည့်အစား စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းထပ်မံရရှိသည်။ (သတင်းစဉ်)

လမ်းမြေပို့ရန်အတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၇

စစ်ကိုင်း-မင်းကွန်း ဆက်သွယ်သည့် ကားလမ်းမကြီး၏ ရေကျော်သည့်အပိုင်းဖြစ်သော စစ်ကိုင်းတောင်အရှေ့ခြမ်း ရှင်ဖြူရင်လှုရာအနီး မြေမြိုခြင်းလုပ်ငန်းကို စစ်ကိုင်းတောင်ပိုင်း ရွှေကျောင်းနှင့် ရန်ကုန်ဖြို့ ရွှေပြည်ဟိန်းကျောင်းတို့၏ ပဓာန နာယကဆရာတော် အရှင်ဧမောသိရိလင်္ကာရ ဦးစီး၍ ဆောင်ရွက်လျက်ရှိရာ မြေကျင်းပေါင်း တစ်သောင်းခန့် ဖြိုနိုင်ရန်အတွက် တစ်ကျင်းလျှင် ငွေကျပ် လေးထောင်နှုန်းဖြင့် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၅၀၇၃ ရွှေကျောင်း စစ်ကိုင်းတောင် ဖုန်း-၀၇၂-၂၁၅၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-၀)

◐ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ထို့ပြင် စာကြည့်တိုက် နိုင်ငံအနေဖြင့်လည်း ယခုအခါ ကျေးလက်စာကြည့်တိုက်များ (Village Libraries)ကို ၂၀၀၅ ခုနှစ်၌ ၂၅၁၉ ဖွင့်လှစ်ခဲ့ရာမှ ယခု ၂၀၀၆ ခုနှစ်၌ ၅၄၇၀၇ အထိ တိုးတက်ဖွင့်လှစ်စီစဉ်ပေးလျက်ရှိနေပြီ ဖြစ်ပါသည်။

အချုပ်အားဖြင့် ဤ **"ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်ကာလ" (၂၀၀၃-၂၀၁၂)**နှင့် **"ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂ ဆယ်စုနှစ်ကာလ"(၂၀၀၅-၂၀၁၄)** နှစ်ရပ်တို့အတွင်း လူတိုင်းအတွက် ပညာရေးအရ လူတိုင်းစာတတ်မြောက်လာအောင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကြိုးပမ်းဆောင်ရွက်ကြရာ၌ အောင်မြင်မှု၊ အကျိုးဖြစ်ထွန်းလာမှုတို့ကို သိသာစွာ တွေ့မြင်နေရပေသည်။

မြန်မာနိုင်ငံတွင် ပညာရေးနှင့် ယဉ်ကျေးမှုအစဉ်အလာ ကောင်းတို့အရ လူတိုင်း စာတတ်မြောက်လာအောင် လိုအပ်သည်များ ပံ့ပိုးပေးရွှေ့ခြင်းသည် **ပညာဒါန မြောက်ပါသည်။** စာတတ်မြောက်လာအောင် အဘက်ဘက်မှ ဖြည့်ဆည်းပေးခြင်းသည်လည်း **ပညာပါရမီမြောက်ပါသည်။**

သို့ဖြစ်၍ မြန်မာတို့၏ စာတတ်မြောက်ရေး ကြိုးပမ်းမှု သမိုင်းအစဉ်အလာနှင့်အညီ ဤသတ်မှတ်ထားသည့် ဆယ်စုနှစ်ကာလ အသီးသီးတွင် မျှော်မှန်းထားသည့်အတိုင်း **လူတိုင်းစာတတ်မြောက်လာအောင်** အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေး ခံယူချက်တို့ဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်၍ မဖြစ်မနေ ညီညာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန်၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသားရေးအကျိုးကို မျှော်ကိုးပြီး ဤနိဒါန်းတကာ စာတတ်မြောက်ရေးနေ့၌ အလေးအနက် နှိုးဆော်တိုက်တွန်း အပ်ပါသည်။

ပညာအလှ ဖြတ်အလှ
စာမတတ်သူ ဒို့ပိုင်းကူ
အချိန်ရသမျှ စာဖတ်ကြ
လူနေလှမည် ဒို့ဘဝ
သင်လျှင်တတ် ဖတ်လျှင်မွှား
စာတတ်မြောက်ခြင်း၏ ကျေးဇူးတရား။ ။

စက်တင်ဘာဖွဲ့ရက်က ရန်ကုန်တိုင်း အင်းစိန်ဖြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်ဆစည်းဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမတန္ဒန်ဖိုက်ဆု၊ ကျောင်းမိသားစုအဆင့် ဘက်စုံထူးချွန်ဆုရရှိသော စောစိုးမိုးအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇော်ဦး ဆုချီးမြှင့်စဉ်။ (က-၀)

မြောက်ဥက္ကလာပဖြို့နယ် မူလတန်းကျောင်းများသို့ စာသင်ခုံလှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ ဖြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇ နာရီ ၁၀ မိနစ်တွင် မြောက်ဥက္ကလာပဖြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၈)၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြောက်ဥက္ကလာပဖြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၁၅ကျောင်းသို့ စာရေးစားပွဲနှင့် ထိုင်ခုံ တွဲလျက်စာသင်ခုံ အစုံ ၃၀၀ လှူဒါန်းပွဲ အခမ်းအနားသို့တက်ရောက်ပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မိမိငယ်နှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ ဖြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြောက်ဥက္ကလာပဖြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ စာရေးခုံများ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မြောက်ဥက္ကလာပဖြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)သို့ စာသင်ခုံ ၁၅၆၊ အမှတ်(၂)သို့ စာသင်ခုံ ၁၅၆၊ အမှတ်(၅)သို့ စာသင်ခုံအစုံ ၂၀၊ အမှတ်(၁၀)သို့ စာသင်ခုံအစုံ ၂၀၊ အမှတ်(၁၁)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၁၂)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၁၈)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၁၉)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၂၁)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၂၄)သို့ စာသင်ခုံ အစုံ ၃၀၊ အမှတ်(၂၅)သို့ စာသင်ခုံ အစုံ ၃၀၊ အမှတ်(၄၅)သို့ စာသင်ခုံ အစုံ ၄၀၊ အမှတ်(၄၇)သို့ စာသင်ခုံ အစုံ ၂၀၊ အမှတ်(၂၅)သို့ စာသင်ခုံ ၂၅၊ အမှတ်(၂၅)သို့ စာသင်ခုံ ၁၈၊ ခုနှင့် အမှတ်(၁၈)သို့ စာသင်ခုံ ၁၀၆ စုစုပေါင်း စာသင်ခုံအလုံး ၃၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းများကိုယ်စား သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ဆက်လက်၍ မြောက်ဥက္ကလာပဖြို့နယ်အတွင်းရှိ ဆရာ ဆရာမများ၏ ပြည်ထောင်စု ကြိုးစိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းသို့ အသင်းဝင် အဆိုပြုလွှာ ၁၀၆၄ ဆောင်ကို ဖြို့နယ်ပညာရေးမှူး ဒေါ်မိမိငယ်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က လက်ခံပြီး အသိအမှတ်ပြုကတ်ပြားများ ပြန်လည် ပေးအပ်သည်။

ထို့နောက် မြို့နယ်ပညာရေးမှူးက စာသင်ခုံများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ (၁၉)

ရန်ကင်းအထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၇

ရန်ကင်းမြို့နယ် အထက(၁)တွင် ၁၉၅၃ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ထိုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသူကျောင်းသားဟောင်းများက နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲဝန်ခရီတွင် ယင်းကျောင်းရှိ သီရိရတနာဝန်းမ၌ ကျင်းပမည်ဖြစ်သည်။

လူဒါန်းလိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့် ဖုန်း-၅၅၇၅၀၆၊ ဦးတင်မောင်အေး ဖုန်း-၀၉ ၅၂၀၀၂၀၀၊ ဦးဇေယျကို ဖုန်း-၀၉-၅၁၆၇၅၆၊ ဦးအောင်ချို(ခ)ချိုလေး ဖုန်း-၀၉-၅၁၂၃၃၀၄၊ ဒေါ်ခင်မြသက် ဖုန်း-၀၉-၈၀၂၄၉၃၀၀ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၀-၂၆၁၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-၀)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာ

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၈ ရက်

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ အဓိကဦးတည်ချက်မှာ စာတတ်မြောက်မှုအခန်းကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးပင်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု ပမျောက်ရန်၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် မရှိမဖြစ်လိုအပ်သောအရာမှာ စာတတ်မြောက်မှုနှုန်း မြင့်မားမှုပင်ဖြစ်သည်ဟု အသိအမှတ် ပြုထားပါသည်။ ထို့ကြောင့် စာတတ်မြောက်ရေးသည် လူ့အဖွဲ့အစည်း၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျကြောင်း ကျွန်ုပ်တို့ကို သတိပေးနေသည်။

စာတတ်မြောက်ရေးသည် မူလတန်းပညာရေးမှ စတင်ပါသည်။ ထို့ကြောင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု၏ ရည်မှန်းချက်များအနက် တစ်ခုမှာ ၂၀၁၅ ခုနှစ်တွင် လူတိုင်းမူလတန်းပညာသင်ယူနိုင်ရေးသို့ ရောက်ရှိရန်ဖြစ်ပါသည်။ သို့တိုင်အောင် မူလတန်းပညာရေးကို ကလေးတိုင်း မသင်ယူနိုင်သေးကြောင်း တွေ့နေရသည်။ ကမ္ဘာပေါ်တွင် ကျောင်းလုံးဝမနေနိုင်သော ယောကျ်ားလေးနှင့် မိန်းကလေး သန်း ၁၀၀ကျော်ရှိနေပါသည်။ ကျောင်းတက်နေသည်တိုင် အရည်အသွေးညံ့ဖျင်းသည့် မူလတန်း ပညာရေးကြောင့် ကလေးအချို့မှာ အခြေခံစာတတ်မြောက်မှုဆိုင်ရာ ကျွမ်းကျင်မှုအဆင့်သို့ပင် မရောက်ရှိနိုင်ကြသေးပါ။ တရားဝင်စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် အရွယ်ရောက်ပြီးသူ လူငယ်ရေ သန်း ၇၇၀ကျော်မှာ လုံးဝစာမတတ်မြောက်သေးသူများ ဖြစ်နေပါသည်။ အဆိုပါကိန်းဂဏန်းတွင် သင်ယူခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် ဆက်သွယ်မှုပြုနိုင်ခြင်း စသည့် ဧန္ဓနဉ်လိုအပ်ချက်များကို မပြုလုပ်နိုင်သေးသည့် သန်းပေါင်းများစွာသော လူများပေါဝင်ပါ။

ကမ္ဘာ့နေရာအနှံ့အပြားဒဏ် ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အရေးကြီးဆုံးသော ရလဒ်များမှတစ်ခုမှာ စာတတ်မြောက်သူများလာခြင်းနှင့် ပညာတတ်ဦးရေများလာခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် စာတတ်မြောက်ရေးသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်နေပါသည်။ ၎င်းမောင်းနှင်အားသည် လူသားကိုသင်ယူမှု အခွင့်အလမ်းသစ်များ ပိုမိုရရှိစေပါသည်။ ခေတ်နှင့်အညီ ပြောင်းလဲနေသော အလုပ်အကိုင်များ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ တာဝန်ယူတတ်သည့် စိတ်ဓာတ်ကို ပိုမိုခိုင်မာစေသည်။ ဆင်းရဲနွမ်းပါးမှုကို ကျော်လွှားနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်နိုင်သည်။ ထို့အပြင် အိပ်ရာခိုင်မှီ၊ အေးဆေးဒီအက်စ်ကဲ့သို့သော ရောဂါများမှ မိမိကိုယ်ကို ကာကွယ်တတ်လာစေပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် စာမတတ်ပါက ကျား/မ တန်းတူအခွင့်အရေးခြင်းနှင့် ခွဲခြားဆက်ဆံခံရမှုကို ခံစားရမည်ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းသည် အခွင့်အလမ်းပွင့်ခြင်းပင် ဖြစ်သည်ဆိုသော ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်(၂၀၀၃–၂၀၁၂)၏ အဓိကဦးတည်ချက်ကလည်း ကျွန်ုပ်တို့အား သတိပေး နှိုးဆော်လျက်ရှိနေပါသည်။

စာတတ်မြောက်မှုကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နေအောင် ဆက်လက်ထိန်းသိမ်းနိုင်မှသာလျှင် စာတတ်ခြင်းမှာ တန်ဖိုးရှိမည်ဖြစ်ပါသည်။ စာတတ်မြောက်မှုရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စာဖတ်ရှုခြင်းမြင့်တင်ရေး အဓိကအဆုံးများ၊ အခွင့်အလမ်းပွင့်ပညာရေးနှင့် သင်တန်းများ၊ စာတတ်မြောက်မှုဝန်းကျင်များကို ဖန်တီးရမည်ဖြစ်ပါသည်။ ယနေ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကမ္ဘာ့အနှံ့အပြားဒဏ်ခံ စာတတ်မြောက်မှုအဆင့်များ တိုးမြှင့်ရန်အတွက် ကျွန်ုပ်တို့အားလုံးပူးပေါင်းဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုကြပါစို့။ စာတတ်မြောက်ခြင်းသည် ကမ္ဘာ့အနှံ့အပြားရှိ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရာတွင် စစ်မှန်သောအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ ။

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ် မစ္စတာကိုအီချိုရို မတ်ဆုရာ၏ သဝဏ်လွှာ

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၈ ရက်

စက်တင်ဘာ ၈ရက်နေ့တွင် ကျင်းပလေ့ရှိသော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ နှစ်ပတ်လည် အခမ်းအနားသည် လူပုဂ္ဂိုလ် တစ်ဦးချင်း၊ မိသားစုများနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးအတွက် စာတတ်မြောက်ရေး၏ အရေးပါပုံကို သတိပြုမိစေရန် နှိုးဆော်ပေးသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာသက်ကြီး လူဦးရေ၏ ငါးပုံ တစ်ပုံခန့်သည် စာတတ်မြောက်မှု အခွင့်အလမ်းကို မရသေးကြောင်းကိုလည်း သတိပြုမိစေပါသည်။ ကမ္ဘာ့စာတတ်မြောက်ရေးလုပ်ငန်း၏ စိန်ခေါ်မှုမှာ စာတတ်မြောက်ရေး အရေးပါသည် ဆိုသည့်အမြင်ကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသို့ ပြောင်းလဲရန်ဖြစ်ပါသည်။ သို့မှသာ မိမိအမည်ကိုပင် မရေးဖတ်တတ်သည့် သန်းပေါင်းများစွာသော အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်များကို မျှော်လင့်ချက်ပေးနိုင်ပါလိမ့်မည်။

ဆင်းရဲသောနိုင်ငံအများစုတွင် စာတတ်မြောက်ရေးအောင်မြင်မှုများအတော်အသင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ဆာဟာရ အာဖရိကဒေသအချို့၊ တောင်နှင့် အနောက်အာရှဒေသများတွင် မူလတန်းပညာရေးကိုသင်ယူရန် ကျောင်းအပ်နှံသည့်ဦးရေ တိုးတက်မြင့်မားလာကြောင်းနှင့် ဒေသအသီးသီးတွင် ကျောင်းသားသစ်ဦးရေ သန်း ၂၀ ခန့်စီရှိလာကြောင်းကို ကမ္ဘာတစ်ဝန်း လူတိုင်းအတွက် ပညာရေးဆိုင်ရာကြိုးကြပ်မှု အစီရင်ခံစာ (၂၀၀၆)တွင် ဖော်ပြထားပါသည်။ နိုင်ငံပေါင်း ၄၇ နိုင်ငံခန့်တွင် 'အများစုသင်ယူနိုင်သော မူလတန်းပညာရေး'သည် အောင်မြင်မှုရရှိခဲ့ပြီး အခြားနိုင်ငံ ၂၀ ခွဲ ၂၀၁၅ ခုနှစ်လောက်တွင် ဤပန်းတိုင်သို့ရောက်နိုင်မည်ဟု မျှော်လင့်ထားကြပါသည်။ မိန်းကလေးများ မူလတန်းကျောင်းအပ်နှံသည့်ဦးရေ လျင်မြန်စွာတိုးတက်လာခဲ့ပါသည်။ အမျိုးသားစီမံကိန်းများတွင် ပညာရေးအရည်အသွေးမြင့်မားရေး လုပ်ငန်းများကိုလည်း ထည့်သွင်းလာခဲ့ကြပါသည်။ လူငယ်များ စာတတ်မြောက်မှုဆိုင်ရာ အခြေခံကျွမ်းကျင်မှုများမရှိဘဲ လူကြီးဘဝရောက်ရှိလာမည်ကို တားဆီးနိုင်ရန်အတွက် အများစုသင်ယူနိုင်သော မူလတန်းပညာရေး အောင်မြင်ရေးသည် ပဓာနကျပေသည်။

သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များကြောင့် နိုင်ငံအများစုတွင် တိုးတက်မှုများ ရရှိခဲ့ကြပါသည်။ သို့သော် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။ ခန့်မှန်းခြေအားဖြင့် သက်ကြီးလူဦးရေ ၇၇၀သန်းခန့်သည် စာတတ်မြောက်ရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှုများ မရှိကြပါ။ ၎င်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ကလေးသူငယ်ဦးရေ သန်း၁၀၀ကျော်မှာလည်း ယခုတိုင်မူလတန်းများတွင် ကျောင်းအပ်နှံခြင်းမပြုနိုင်ကြသေးပါ။ ယင်းတို့၏ တစ်ဝက်ကျော်သည် မိန်းကလေးများဖြစ်နေကြပါသည်။ အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမှာ မြင့်မားနေဆဲဖြစ်သဖြင့် စာတတ်မြောက်ရေး ရေရှည်တည်တံ့မှုသည် အာမခံချက်နည်းနေပါသည်။ ကမ္ဘာ့တစ်ဝန်းတွင် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ် ခွဲဝေမှု၏ တစ်ရာခိုင်နှုန်းမျှသာ သက်ကြီးစာတတ်မြောက်ရေးအတွက် ခွဲဝေပေးပါသည်။ အစိုးရနှင့် ကုဋေထောက်ပံ့သည့်အဖွဲ့အစည်းများသည် လူငယ်နှင့် သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်များကို ထိရောက်စွာ ဦးစားပေးဆောင်ရွက်မှုမရှိကြကြောင်း တွေ့ရပါသည်။ ကတိကဝတ်များ ထားရှိသာမက ယင်းတို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်မှသာ ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်(၂၀၀၃–၂၀၁၂)၏ ဦးတည်ချက်များနှင့် လူတိုင်းအတွက် ပညာရေးမျှော်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

စာတတ်မြောက်ရေးသည် ပင်ကိုသဘောအားဖြင့် အရေးပါသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးထက်သော လက်နက်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြပါသည်။ ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ဆယ်စုနှစ်(၂၀၀၅–၂၀၁၄)အရ စာတတ်မြောက်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်၏ ရလဒ်ကောင်းတစ်ခုဖြစ်သည့်အပြင် လူမှုရေး တိုးတက်မှုများ ဆက်လက်ရရှိစေသည့် ကိုရိယာတစ်ခုဖြစ်ကြောင်းမှာ ထင်ရှားလှပါသည်။ ထို့ကြောင့် ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေး၏ အာဘော်မှာ 'ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ စာတတ်မြောက်အောင်ကြိုးပမ်းစို့' ဖြစ်ပါသည်။

စာတတ်မြောက်ရေးသည် အရေး၊ အဖတ်၊ အတွက် ဆိုသည့် ကျွမ်းကျင်မှုများရရှိရန် သက်သက်မဟုတ်ဘဲ သင်ယူလေ့လာတတ်ရန်နှင့် ဘဝတွက်တာကျွမ်းကျင်မှုများရရှိရန် အထောက်အပံ့ပြုနေကြောင်း ဤအာဘော်က မီးမောင်းထိုးပြနေပါသည်။ ယင်းတို့ကို ဘဝတွင် လက်တွေ့အသုံးချခြင်းအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ စာတတ်မြောက်ရေး အစီအစဉ်များတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်း၊ အသေးစား စီးပွားရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ အာဟာရပြည့်ဝရေးနှင့် အိတ်ချိအိုင်ဒ်ှ၊ အေအိုင်ဒီအက်စ် ကာကွယ်ရေးအပါအဝင် ကျန်းမာရေးလုပ်ငန်းများကို ကျွမ်းကျင်လာစေရန် ချိတ်ဆက်သင်ကြားပေးနေပါသည်။

ထို့ကြောင့် စာတတ်မြောက်ရေးဆိုင်ရာ ကျမ်းကျင်မှုများရရှိရန် အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခြေအနေများအပေါ်မူတည်ပြီး သိမ်မွေ့သော နည်းလမ်းများဖြင့်ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ စာတတ်မြောက်ရေးသည် လူ့ဘဝကို ပြောင်းလဲစေနိုင်သည့် စွမ်းဆောင်ရည်အသစ်များ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် လွတ်လပ်စွာလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများပေးပါသည်။ စာတတ်မြောက်ရေးလုပ်ငန်း ရေရှည်တည်တံ့အကျိုးပြုစေရန်အတွက် စာအုပ်စာတမ်းများ၊ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ကွန်ပျူတာများနှင့် အခြားပစ္စည်းများကို ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်ပါသည်။ အဆိုပါပစ္စည်းများ အားနည်းခဲ့ပါက စာတတ်မြောက်ရေး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်မည်မဟုတ်ပေ။

အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ စာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်မှုရှိနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အရပ်ရပ်ရှိ အမျိုးသား၊ အမျိုးသမီးထုကြီး၏ စာတတ်မြောက်ရေးလုပ်ငန်းအတွက် ထူးချွန်ဖြောင့်မြောက်စွာ ဆောင်ရွက်ခဲ့မှုများကို ဂုဏ်ပြုပါသည်။ စာတတ်မြောက်ရေးလုပ်ငန်းတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆရာ ဆရာမများ၊ နည်းပြများ၊ ဒေသဆိုင်ရာလုပ်သားများ၊ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်အားပေးများကို ချီးကျူးဂုဏ်ပြုပါသည်။ ဒေသအဆင့်အသီးသီးတွင် မိမိတတ်စွမ်းသမျှ အင်အားဖြင့် ကုဋေပုံပိုးပေးသူများကိုလည်း ဂုဏ်ပြုပါသည်။ ယခု နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှု၊ တာဝန် သိစိတ်နှင့်ဆောင်ရွက်မှုများသည် စာတတ်မြောက်ရေးစွမ်းဆောင်ရည်မြင့်မားစေရန် အတွက် နမူနာကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

ကိုအီချိုရို မတ်ဆုရာ

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၇

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမောင်မောင်သန်း	ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန
(ခ) ဦးသိန်းအောင်	ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁) စက်မှုဝန်ကြီးဌာန

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၉–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ (အပိုင်း–၁)
၇:၂၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	Music Gallery (ဂျမောင်မောင်– စင်ပေါ် ရောက်ကိုယ်ပိုင်သံစဉ်များ)
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ရွှေတောင်စက်ရုံစွမ်းပကား စက်မှု(၁)ရဲ့အား
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	Myanmar Video Rhythm
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ရေဒွေ့သုံး ဆန်အရောင်တင်စက်
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	Shopping Guide (ပွင့်ဖြူစုတိုး)
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ (ဒေါက်တာခင်မောင်ဝင်း)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Midweek Sport News
၁၀:၄၅	မိုးလေဝသခန့်မှန်းချက်
၁၀:၅၀	ရှင်နောင်းကျောင်းရောက်ပြီ (ဇာတ်လမ်းတို) (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံထူး) (ဒါရိုက်တာ–ဦးခင်ဧော်)
၁၁:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ (မြင်းမွေခင်နိုင်မိုး)
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	သွန်းလောင်းသံစဉ်းပညာ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	မြန်မာ့ကြယ်လှိပ်ထိန်းသိမ်းစောင့်ရှောက်ရေး
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ ခွာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၇–၉–၂၀၀၆

ပခုက္ကူ

၂ ဒသမ ၄၀ လက်မ

မင်းဘူး

၂ ဒသမ ၁၇ လက်မ

မြင်းမူ

၁ ဒသမ ၂၆ လက်မ

မြင်းခြံနှင့် ပန်းမော်

၁ ဒသမ ၂၂ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈–၉–၂၀၀၆(သောကြာနေ့)

ခန့်ကိုင်း

၇:၀၀	**အဘိဓေယျမဟာသဒ္ဒမ္မဇောတိက ကောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရဓမ္မ ပရိတ်တရားတော်**
၇:၁၅	**ဟိဒိုင်ဂရစရ၊ ဓမ္မောဇ္ဇာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိမွန ဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅	၃။ ကျန်းမာဖို့ အထူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာဆို့အေးမင်္ဂလာတေး
၇:၅၅	၆။ အကျပြိုင်ပွဲ
၈:၁၀	၇။ ကြေးမုံပြဲသွင်းသတင်းနယ်ဥ
၈:၂၀	၈။ အတီးပြိုင်ပွဲ
၈:၃၀	၉။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈:၄၅–၁၀။	English for Everyday Use.
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

ညည်ုပြင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။ ဖျိုးချစ်စိတ်ဓာတ်ရင်သွန် ထက်မြက်ရေးတေးများ
၄:၃၀	၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၄:၄၅	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၀၀	၅။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဇေ၊ ခင်စောခြည်ကျော်၊ ကေစီကျော်ကျော်) (ဒါရိုက်တာ–မောင်ယဉ်ကျော်)**
၅:၅၅	၆။ ဂျူဒိုအောင်ပွဲဖြင့် နိုင်ငံငှက်အဆင့်ဖြင့်
၅:၃၀	၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဝင်များ လေ့လန်းကြေးရန် (မဟာဂီတ) (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသား၊အမျိုးသမီး)
၅:၄၅	၈။ ကမ္ဘာ့ရောဂါဘေးဖြစ်ပေါ်နေ့ဆိုင်ရာ သိကောင်းစရာ
၆:၀၀	၉။ ညနေခင်းသတင်း
၆:၃၀	၁၀။ မိုးလေဝသအခြေအနေ
၆:၃၅	၁၁။ သတင်းလင်း ရွှေဥာဏ်ရှင်
၇:၁၀	၁၂။ **နိုင်ငံခြားစာတော်လမ်းတွေ ချစ်လိပ်ပြာလေး တစ်လည်လည်" (အပိုင်း–၂၂)**
၈:၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ **(၃၈)ကြိမ်မြောက် မာဒေးကား ဖလား၊ တောလုံးပြိုင်ပွဲ (ဖိုလ်လူပွဲစဉ်) (မြန်မာနှင့်အင်းနိုးရှား)**
	၁၇။ **နိုင်ငံခြားစာတော်လမ်းတွေ မေတ္တာသစ်ဇွဲ" (အပိုင်း–၁၈)**
	၁၈။ နေ့ခင်းတစ်နေ့အစီအစဉ်
	၁၉။ အစီအစဉ်ပြီး၏။

သောနုတ္ထိရ် အမေရိကန်ကွန်ဂရက် အမတ်အချို့နှင့် အစွယ်လိုသူ ပြည်ပအားကိုးပုဆိန်ရိုးတို့၏ နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်း

စိုးမြကော
စောမြ

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံ တွင် ဖြစ်ပေါ်နေသော အခြေအနေများသည် နိုင်ငံတကာငြိမ်းချမ်း ရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေ သဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်တွင် တရားဝင် ထည့်သွင်း ဆွေးနွေးရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့် အရာရှိတစ်ဦးမှ မြန်မာနိုင်ငံအခြေအနေကို တက်ရောက်ရှင်းလင်း ပြောကြားပေးရန် လုံခြုံရေးကောင်စီသို့ စာရေးသားပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်သံအမတ်၏ တောင်းဆိုမှုသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်နေသော ပကတိအခြေအနေမှန်များကို မျက်ကွယ်ပြုကာ လက်ရှိနိုင်ငံတော်အစိုးရကို အကျပ်ကိုင်နိုင်ရေး ဟူသည့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သော မဲပြပုဆိုး လုပ်ရပ်သာ ဖြစ်နေသည်မှာ ထင်ရှားလှပါသည်။ အမေရိကန်အစိုးရ အဆက်ဆက်သည် မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ (၁၀)စုနှစ်ခန့် ရှိနေပြီဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းမှစ၍ အမေရိကန်အစိုးရသည် ဒီမိုကရေစီရေး၊ လူ့အခွင့် အရေးစသည့် ကိစ္စရပ်များကို အကြောင်းပြကာ မြန်မာနိုင်ငံအား အမေရိကန်ဓာတ်သွင်းနိုင်ငံရန်နှင့် ရုပ်သေးအိုးရ တင်နိုင်ငံရန်အတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆက်ဆံမှုများ အဆင့်နိမ့်ချဆောင်ရွက်လျက်ရှိကြောင်း အားလုံးကသိနေကြပါသည်။

ပြန်လည်လေ့လာဆန်းစစ်လျှင် မြန်မာနိုင်ငံအရေးကို လုံခြုံရေး ကောင်စီတွင် တင်ပြရန် ကြိုးပမ်းမှုကို စတင်ဆောင်ရွက်ခဲ့သူများမှာ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပရှိ အကြမ်းဖက်အုပ်စု များနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်း များကို အစဉ်တစိုက်ကျူးလွန်နေသော ပြည်ပြေးစိန်ဝင်းနှင့် ပြည်သစ် ညွှန့်ဝေ(ခ) မောင်မောင်တို့ ဦးစီးသည့်အဖွဲ့ပင် ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ (NCGUB) ဟု အမည်ခံထားသော ထိုပြည်ပြေးအဖွဲ့သည် အမေရိကန် နိုင်ငံသို့ သွားရောက်အခြေပြုနေထိုင်ပြီး ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ အရေးကို လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည့် စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သော်လည်း ထိုစဉ်က မည်သူမျှလက်ခံခြင်းမရှိ၍ မှေးမှိန်ပျောက်ကွယ်သွားခဲ့ပါသည်။

တစ်ပြိုင်တည်းမှာပင် မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ တစ်ဖက်သတ်ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်နိုင်ရန်အတွက် ၁၉၉၆ခုနှစ် အောက်တိုဘာ ၃ရက်နေ့တွင် သမ္မတကလင်တန် လက်မှတ်ရေးထိုး သော Proclamation 6925 နှင့် ၂၀၀၃ခုနှစ် ဇူလိုင်လ ၂၈ ရက် နေ့တွင် သမ္မတဘုရှ် လက်မှတ်ရေးထိုးသော Burmese Freedom and Democracy Act of 2003 တို့ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအက်ဥပဒေအရ တပ်မတော်အစိုးရလက်ထက်တွင် တာဝန် ထမ်းဆောင်နေကြသော အဆင့်မြင့်အရာရှိကြီးများအား ပြည်ဝင် ဗီဇာ ကန့်သတ်ပိတ်ဆို့ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် မတ်လ ၂၀ ရက်နေ့ တွင် သမ္မတကလင်တန် လက်မှတ်ရေးထိုးထုတ်ပြန်သော Executive Order 13047 အရ အမေရိကန်နိုင်ငံသားများနှင့် ကုမ္ပဏီ များအား မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်ခြင်းကို တားမြစ်ပိတ်ဆို့ခြင်း၊ အမေရိကန်ကွန်ဂရက်၏ Burmese Freedom and Democracy Act of 2003 အရ မြန်မာနိုင်ငံမှ ထွက်ကုန်များ အမေရိကန်သို့ တင်သွင်းခြင်းကို တားမြစ်ပိတ်ဆို့ခြင်း၊ ၂၀၀၃ခုနှစ် ဇူလိုင် ၂၈ရက်နေ့တွင် သမ္မတဘုရှ်လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော Executive Order 13310 အရ မြန်မာနိုင်ငံမှ ငွေလွှဲပြောင်း ပေးပို့ခြင်းကို ပိတ်ဆို့ခြင်းနှင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း များက မြန်မာနိုင်ငံသို့ ငွေကြေးအထောက်အပံ့များ ပေးကမ်းခြင်း မပြုလုပ်ရန် ပိတ်ပင်ခြင်းတို့ကိုလည်း ပြောင်ပြောင်တင်းတင်း ပြုလုပ် ခဲ့ပါသည်။

အခြားတစ်ဖက်မှလည်း ပြည်ပြေးအကြမ်းဖက်အုပ်စုသည် ၎င်းတို့၏ မဆောင်မြင်သောလုပ်ရပ်များကို ပြန်လည်အသက်သွင်း နိုင်ရန်အတွက် အမေရိကန်လွှတ်တော်အမတ်အချို့နှင့် ပူးပေါင်းပြီး နိဘယ်ဆုရှင် ချက်သမ္မတဟောင်းဟာဗဲလ်နှင့် ဘုန်းတော်ကြီးတူးတူး တို့အား ပွဲထုတ်ကာ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီမှ ကိုင်တွယ်ဖြေရှင်းရန် တောင်းဆိုသည့် စာတမ်းတစ်စောင်ကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။ ထိုစာတမ်းကို ဘုန်းတော်ကြီးတူးတူးနှင့် သမ္မတဟောင်း ဟာဗဲလ် တို့က အမည်ခံတင်သွင်းခဲ့သော်လည်း လက်တွေ့တွင် DLA Piper Rudnick Gray Cary နိုင်ငံတကာဥပဒေအဖွဲ့က တာဝန်ယူပြုစု ပေးခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ထိုစာတမ်းတွင် ဖော်ပြထား သော အချက်အလက်များမှာ ယခင်ပြည်ပြေးစိန်ဝင်းအဖွဲ့မှ တင်ပြ ထားသောအချက်များ၊ အခြားအကြမ်းဖက် သောင်းကျန်းသူအဖွဲ့များမှ ပေးပို့ထားသော သတင်းအချက်အလက်များသာဖြစ်ကာ မြန်မာနိုင်ငံ အတွင်းရှိ ပကတိအခြေအနေမှန်များကို ထင်ဟပ်ဖော်ပြထားမှုမရှိဘဲ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှန်များကို လျစ်လျူရှု ထားကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအရေးတွင် ကျွမ်းကျင်သူ နိုင်ငံခြားသားပညာရှင် အများအပြားက ထိုစာတမ်းပါ အချက်အလက် များ၏ တိကျခိုင်မာမှုအပေါ် မေးခွန်းထုတ်ခဲ့သော်လည်း စာတမ်း တင်သွင်းသူအဖြစ် အမည်ခံထားသူနှစ်ဦး၏ ပုဂ္ဂိုလ်ရေးကျော်ကြားမှု များကြောင့် ထိုစာတမ်းကို စိတ်ဝင်စားသူများ ရှိလာခဲ့ပါသည်။

ယင်းနောက် အမေရိကန်အစိုးရသည် ငွေကြေးခဝါချမှု၊ မူးယစ် ဆေးဝါး၊ လူမှောင်ခိုကူးမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲထိုးနှက်မှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ မဟုတ်မမှန် စွပ်စွဲ ထိုးနှက်မှုများမှာ အမှန်တရားအား မျက်ကွယ်ပြုလျက် တစ်ဖက်သတ် စွပ်စွဲထိုးနှက်မှုများသာဖြစ်ကြောင်းကို ပတ်ဝန်းကျင်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများက နားလည်သဘောပေါက်ခဲ့ကြပါသည်။ မြန်မာ နိုင်ငံအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဒုက္ခရောက် စေရန် ယင်းသို့ ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့်ကြားမှပင် မြန်မာနိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ စုပေါင်းကြိုးပမ်း အားထုတ် ဆောင်ရွက်မှုတို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ကဏ္ဍ တိုးတက်အောင်မြင်မှုမှာ အသီးအပွင့်များကို နိုင်ငံသားများ ရရှိခံစားနိုင်လျက်ရှိနေပါသည်။

ထို့ကြောင့် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ လိုက်ပါ ဆောင်ရွက်ခြင်းမရှိသည့် မြန်မာနိုင်ငံအပေါ် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခပေးရန် ဆက်လက်ကြိုးပမ်း လုပ်ဆောင်လာပါ သည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ပြည်ပြေးအဖွဲ့များက အမေရိကန်အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ဩဇာ ကြီးမားသော အမတ်များနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေး ကောင်စီတွင် ဆွေးနွေးနိုင်ရေးအတွက် အမေရိကန်နိုင်ငံက ဦးဆောင် ဦးရွက်ပြုရန် အမေရိကန်အစိုးရကို တိုက်တွန်းတောင်းဆိုခဲ့ကြပါသည်။ အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများ ပြုလုပ်နေ ခြင်းကို အဓိကကြီးကိုင်ခြယ်လှယ်နေသူများမှာ အမေရိကန်လွှတ်တော် အမတ် Mitch Mc Connell နှင့် အပေါင်းပါတို့သာ ဖြစ်ပါသည်။ အမေရိကန်လွှတ်တော်အမတ်များဖြစ်ကြသည့် Mitch McConnell, Dana Robracher, Dianne Feinstein, Tom Lantos စသူတို့ အနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်မြေအတွင်းရှိ မြန်မာအစိုးရကို ဆန့်ကျင်သော ပြည်ပရောက် သစ္စာဖောက် မြန်မာပြည်ပြေးအုပ်စု များ၏ တစ်ဖက်သတ် စွပ်စွဲပြောဆိုချက်များကို အမှန်တရားဟု လွဲမှားစွာနားယောင်ကာ မြန်မာနိုင်ငံအပေါ် မှားယွင်းပြင်းထန်သော အမြင်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် အဆိုများတင်သွင်း၍ ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။

အထူးသဖြင့် နောက်ပိုင်းကာလများတွင် ဆီးနိတ်အာဏာရ ပါတီ၏ စည်းကမ်းထိန်းသိမ်းရေး (Senate Majority Whip) တာဝန်ယူသော Mitch McConnell (D-Kentuchk) သည် မြန်မာနိုင်ငံအပေါ် ဖိအားပေးသည့်ကိစ္စများကို ၎င်း၏ မူပိုင်ကိစ္စ အဖြစ် ကိုင်တွယ်ဆောင်ရွက်လာခဲ့ကြောင်း သိရပါသည်။

အမှန်တကယ် လက်တွေ့တွင် မြန်မာနိုင်ငံ၏အခြေအနေသည် အရှေ့အလယ်ပိုင်းဒေသအပါအဝင် နိုင်ငံတကာတွင် ပဋိပက္ခများ၊ စစ်ပွဲများ၊ ငတ်မွတ်ဆင်းပါးမှုနှင့် ရောဂါကပ်ဘေးဖြစ်ပွားမှုများသည့် နိုင်ငံများနှင့် မနှိုင်းယှဉ်သာလောက်အောင် တည်ငြိမ်အေးချမ်း လျက်ရှိနေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်းဖြစ်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၊ စီးပွားရေးအသွင်ကူးပြောင်းရေးကာလ တစ်ခုကို ဖြတ်သန်းနေရသော မြန်မာနိုင်ငံသည် အလားတူ ဖွံ့ဖြိုးဆဲ နိုင်ငံများ၊ အသွင်ကူးပြောင်းဆဲနိုင်ငံများတွင် ကြုံတွေ့လေ့ရှိသော အခက်အခဲများကို ကြုံတွေ့ရမည်မှာ သဘာဝကျပါသည်။ ယင်းသို့ ဖြစ်လျက်နှင့်ပင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် ထိုအခက်အခဲ များကို ကျော်လွှားနိုင်ရေးအတွက် အားသွန်းခွန်စိုက် ကြိုးပမ်းဆောင်ရွက် နေသည်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏အခြေအနေသည် အလားတူ နိုင်ငံအချို့တွင် တွေ့ကြုံနေသော အခြေအနေများထက် များစွာတည်ငြိမ်မှု ရှိနေသည်ကိုလည်းကောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ စင်စစ်တွင် ပြဿနာအများစု၏ အရင်းခံအကြောင်းသည် နိုင်ငံအတွင်းတွင်မရှိဘဲ ပြင်ပမှ ဖိအားပေးပိတ်ဆို့မှု၊ တစ်ဖက်သတ်ဒဏ်ခတ်မှုများကြောင့် ဖြစ်သည်ကိုလည်း ထင်ရှားစွာလေ့လာတွေ့ရှိနိုင်ပါသည်။ သို့ရာတွင် အမေရိကန်အစိုးရအနေဖြင့် ၎င်းတို့အစိုးရ၏ အခြားသော နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေးဆိုင်ရာမူဝါဒများ၊ ဥပဒေကြိမ်းများနှင့် ပတ်သက်ပြီး လွတ်တော်အတွင်း၌ သြဇာကြီးမားသော အမတ်များ၏ ထောက်ခံမှုရရှိစေရန်အတွက် မြန်မာနိုင်ငံအရေးကိစ္စကို ထိုလွှတ်တော် အမတ်များအလိုကျ ကိုင်တွယ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရပါသည်။

ဟာဗဲလ်နှင့် တူးတူးတို့၏ အစီရင်ခံစာအပေါ် အခြေပြု၍ အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် အရှိန်အဟုန်မြှင့် ထိုးနှက် တိုက်ခိုက်သည့်အနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းနိုင်ရေးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ တွင် စတင်ဆောင်ရွက်လျက်ရှိကြောင်းကို အမေရိကန် ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး အဲခရစ်ဂျန်က အောက် လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ရှင်းလင်းပြောကြား ခဲ့ပါသည်။ အမေရိကန်သည် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၎င်း၏မဟာမိတ် နိုင်ငံများအား ဖိအားပေးစည်းရုံးခြင်းအပြင် ထောက်ပံ့စည်းရုံးမှုများ ကိုပါ ပြုလုပ်ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအကြား မဲခွဲဆုံးဖြတ်ရန် အထိ ကြိုးပမ်းလာခြင်းပင်ဖြစ်ပါသည်။

အမေရိကန်အစိုးရ၏ အဓိကဦးတည်ရည်ရွယ်ချက်မှာ တည်ဆဲ မြန်မာ အစိုးရကို ဖြုတ်ချပြီး ၎င်းတို့စိတ်ကြိုက် ရုပ်သေးအစိုးရမျိုးကို တင်မြှောက်နိုင် ရန်ဖြစ်ရာ အမေရိကန်အစိုးရ၏ စွပ်စွဲချက်များမှာ တိကျသေချာစွာ တရားဝင်ထုတ်ပြန်သော သတင်းများပေါ်တွင် အခြေခံထားခြင်းမရှိ သည်မှာ သေချာနေ။ မြန်မာအစိုးရကို ဆန့်ကျင်သော ပြည်ပရောက် တရားမဝင် နိုင်ငံရေးအဖွဲ့အစည်းများ၊ ဒုက္ခသည် အမည်ခံထားသော ကိုယ်ကျိုးရှာပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ သောင်းကျန်းသူ မြေအောက်အဆက် အွန်ယ်များထံမှရရှိသော လုပ်ကြံသတင်းများတွင်သာ အခြေခံနေမည်သာ ဖြစ်။

စိုးမြကျော် နှင့် စောမြအောင်

သို့သော် အချို့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါအတိုင်းသာဆောင်ရွက်ရန် လိုလားကြပြီး မြန်မာနိုင်ငံသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေခြင်းမရှိဟု ခံယူထားကြပါသည်။ သို့ရာတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ ဖိအားပေးမှုကြောင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂမ်ဘာရီအနေဖြင့် အလှတ်သဘော ရှင်းပြရန် အများသဘောတူ ညှိနှိုင်းခဲ့ကြပါသည်။ မစ္စတာ ဂမ်ဘာရီက အပြုသဘောဆောင်သော အစီရင်ခံစာတင်သွင်းရှင်းလင်းခဲ့ခြင်းကြောင့် အမေရိကန်အနေဖြင့် ၎င်းတို့လိုလားချက်မရရုံမက ကျန်အဖွဲ့ဝင်နိုင်ငံများ၏ ငြိငြင်မှုကို ခဲခဲရပါသည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့တွင် အမေရိကန်အောက်လွှတ်တော်၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကြားနာမှုတစ်ခု ပြုလုပ်ခဲ့ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ခရစ္စတိဖာဟေးက "မြန်မာနိုင်ငံ အခြေအနေကို လုံခြုံရေးကောင်စီမှ ဆက်လက်အလေးပေး ဆွေးနွေးသွားရမည်ဟု မိမိတို့ ယုံကြည်ပါသည်။ လုံခြုံရေးကောင်စီအနေဖြင့် ဆောင်ရွက်ရန် နောက်ထပ်အဆင့်များကို မိမိတို့စဉ်းစားသွားရမည်ဖြစ်သည်"ဟု ပြောကြားခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာအရေးအခင်းအဖြစ် ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေမှုကို လက်မလျှော့ကြောင်း ထပ်လောင်းဖော်ပြခဲ့ပါသည်။

ဤကာလတွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေး) မစ္စတာ ဂမ်ဘာရီနှင့်အဖွဲ့သည် ၁၈–၅–၂၀၀၆ရက်နေ့မှ ၂၀–၅–၂၀၀၆ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ ခရီးစဉ်အစီအစဉ်များအားလုံးကို အဆင်ပြေချောမွေ့အောင် မြန်မာနိုင်ငံက စီစဉ်ပေးခဲ့သဖြင့် မစ္စတာဂမ်ဘာရီက ၎င်း၏ ခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

သို့ရာတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ ဖိအားပေးတောင်းဆိုမှုကြောင့် ၂၀၀၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် မစ္စတာဂမ်ဘာရီက ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အလှတ်သဘော ထပ်မံရှင်းပြခဲ့ရပါသည်။ ထိုသို့ ရှင်းပြရာတွင်လည်း အပြုသဘောဆောင်သော အချက်များ ထည့်သွင်းပြောကြားခဲ့ပါသည်။ အောင်မြင်သော ခရီးစဉ်ဖြစ်ကြောင်း ပြောကြားခဲ့သည့် အတွက် အမေရိကန်အစိုးရ အာသာဆန္ဒပြည့်ဝခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသာမက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများကမူ မစ္စတာဂမ်ဘာရီ၏ခရီးစဉ် အောင်မြင်မှုကို ကြိုဆိုခဲ့ကြပါသည်။ အဖွဲ့ဝင် ၁၁၆နိုင်ငံရှိသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှု လုံးဝမရှိကြောင်း၊ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းရန် ကြိုးပမ်းခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ(၂၄)ကို ဆန့်ကျင်ရာရောက်ကြောင်း ကို လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံ အားလုံးထံသို့ စာများ ရေးသားပေးပို့ကာ မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာရပ်တည်ပေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ပြည်တွင်းရေးအခြေအနေ၊ တိုးတက်ဖြစ်ပေါ်မှု အဆင့်ဆင့်နှင့် ပြည်သူတို့၏ သဘောထားကို သိရှိနားလည်လာကြသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြကာ မြန်မာဘက်မှ ရပ်တည်ပေးကြသဖြင့်လည်းကောင်း၊ ဩဇာတေးလျှနိုင်ငံနှင့် အချို့သော ဥရောပနိုင်ငံများကပင် သဘောထားပျော့ပျောင်းလာကာ မြန်မာဘက်မှ ရပ်တည်ပေးကြပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြသဖြင့်လည်းကောင်း၊ အမေရိကန်အစိုးရသည် တစ်နည်းပြောင်းကာ ကုလသမဂ္ဂမျက်နှာစာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ လူ့အခွင့်အရေးကော်မရှင်/ကောင်စီတို့မှတစ်ဆင့် မြန်မာနိုင်ငံအပေါ် ဖိအားပေးအရေးယူဆောင်ရွက်ရန် ဆက်လက်ကြိုးပမ်းလာခဲ့ပြန်ပါသည်။

အမေရိကန်အစိုးရ၏ အဓိကဦးတည်ရည်ရွယ်ချက်မှာ တည်ဆဲမြန်မာအစိုးရကို ဖြုတ်ချပြီး ၎င်းတို့စိတ်ကြိုက် ရပ်သေးအစိုးရမျိုးကို တင်မြှောက်နိုင်ရန်ဖြစ်ရာ အမေရိကန်အစိုးရ၏ စွပ်စွဲချက်များမှာ တိကျသေချာစွာ တရားဝင်ထုတ်ပြန်သော သတင်းများပေါ်တွင် အခြေခံထားခြင်းမရှိသည်မှာ သေချာနေပါသည်။ မြန်မာအစိုးရကို ဆန့်ကျင်သော ပြည်ပရောက် တရားမဝင်နိုင်ငံရေးအဖွဲ့အစည်းများ၊ ဒုက္ခသည်အမည်ခံထားသော ကိုယ်ကျိုးရှာပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ သောင်းကျန်းသူ မြေအောက်အဆက်အနွယ်များထံမှရရှိသော လုပ်ကြံသတင်းများတွင်သာ အခြေခံနေမည်သာဖြစ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏ လုံခြုံရေးကောင်စီဥက္ကဋ္ဌသို့ ပေးစာတွင်လည်းကောင်း၊ ၎င်းနှင့် သတင်းစာဆရာများ တွေ့ဆုံရာတွင်လည်းကောင်း၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါနှင့် အခြားကူးစက်ရောဂါပြန့်ပွားမှုနှင့် တပ်မတော်၏ စစ်ဆင်ရေးများကြောင့် မြန်မာနိုင်ငံအခြေအနေသည် ဒေသနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နေသည်ဟု ဖော်ပြစွပ်စွဲခဲ့သည်ကို တွေ့ရပါသည်။ ထိုစွပ်စွဲချက်များ မှန်မမှန်ကို သိရှိနိုင်ရန်အတွက် ထိုစွပ်စွဲ ချက်များအတွက် လိုအပ်သည့် သတင်းများကို မည်သည့်နေရာဒေသ၊ မည်သည့် ပုဂ္ဂိုလ်များထံမှ ရရှိခဲ့သည်ဆိုသည့်အချက်အား ဆန်းစစ်ကြည့်သင့်ပါသည်။

မြန်မာနိုင်ငံအတွင်းမှ NLD ပါတီအပါအဝင် နိုင်ငံရေးပါတီအချို့နှင့် ၈၈ မျိုးဆက် အမည်ခံ ကျောင်းသားဟောင်းအချို့သည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းအစား ၁၉၈၈ ခုနှစ်ပုံစံ အဖျက်လုပ်ငန်းများဖြင့် အာဏာကို ဖြတ်လမ်းမှ ရယူရန် လုပ်ဆောင်လျက်ရှိနေ။ ထိုအဖွဲ့များသည် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများနှင့် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ရန် ကြိုးပမ်းမှုများကို ၎င်းတို့အာဏာရရှိရေးအတွက် အခွင့်အရေးအဖြစ် ရှုမြင်နေကြ။ ထို့ကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မမှန်မကန် လုပ်ကြံဖန်တီးထားသော သတင်းများ၊ ပုံကြီးချဲ့သတင်းများ၊ ကောလာဟလများကို နိုင်ငံခြားသံရုံးများသို့ စုစည်းပေးပို့နေ။

တည်ဆောက်ကာ မြန်မာနိုင်ငံမှ သယံဇာတပစ္စည်းများခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ထိုလုပ်ငန်းများမှရရှိသည့်ငွေများဖြင့် မော်ငိုခိုလှန်ရေးများ ဝယ်ယူခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုစဉ်က နယ်စပ်ဒေသများကို စိုးမိုးနိုင်ခြင်းမရှိသောကြောင့် ထိုဒေသများတွင် လက်နက်နှင့် မူးယစ်ဆေးဝါးစေ့ငှားကွက်များ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့ပါသည်။ ထိုစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများတွင် တပ်မအဆင့်တိုက်ပွဲကြီးများ၊ အဓြေတ်ပစ်ကူ၊ လေကြောင်းပစ်ကူဖြင့် တိုက်ခိုက်ရသော တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ အတွင်း၌ သောင်းကျန်းသူများ၏ အခိုင်အမာစခန်းကြီးဟူ၍ တစ်ခုမျှမရှိတော့ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်(၁၈)ဖွဲ့ ဥပဒေတောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး လက်ကျန်သောင်းကျန်းသူအဖွဲ့ သုံးဖွဲ့သည်လည်း တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းဟုဆိုသော နေရာများတွင်သာ အခြေပြုနေထိုင်ပြီး လှုပ်ရှားမှုအနည်းငယ်သာဆောင်ရွက်နိုင်ပါသည်။ တိုက်ပွဲကြီးများမရှိတော့သဖြင့် နယ်စပ်ဒေသအားလုံး အေးချမ်းသာယာနေပြီဖြစ်ပါသည်။ ယင်းကဲ့သို့သော ၁၉၈၈–၁၉၉၂ တစ်ဝိုက် အခြေအနေများ ဆိုးရွားနေစဉ်ကပင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု စွပ်စွဲခဲ့မှုမရှိဘဲ ထိုစဉ်ကထက် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများ ထူးထူးခြားခြားရရှိဖြစ်တည်နေသည့် ယနေ့ကာလမျိုးတွင်မှ ယခုကဲ့သို့စွပ်စွဲပြောဆိုခြင်းသည် ကျိုးကြောင်းခိုင်လုံမှု လုံးဝမရှိကြောင်း ထင်ရှားနေပါသည်။

ဒုက္ခသည်ပြဿနာ

၁၉၉၂ ခုနှစ်နောက်ပိုင်းမှစပြီး နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော ဒုက္ခသည်များ၊ တိမ်းရှောင်နေသော ရွာသူရွာသားများသည် မိမိတို့နေရပ်သို့ ပြန်လည်အခြေချ နေထိုင်နေကြပြီဖြစ်ပါသည်။ ဥပဒေတောင်အတွင်းသို့ ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သီခြားဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အကြမ်းဖက်သောင်းကျန်းသူများနှင့် ပြည်ပြေးအဖွဲ့များသည် အိမ်နီးချင်းနိုင်ငံများသို့ စီးပွားရေးအတွက် တရားမဝင်သွားရောက်နေထိုင်လုပ်ကိုင်နေသူများကိုပင် ဒုက္ခသည်များအဖြစ် သတ်မှတ်ပြောဆိုကာ နိုင်ငံတော်အစိုးရကို သိကွာကျဆင်းစေရန်၊ မြန်မာနိုင်ငံအတွင်းအခြေအနေများမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ထင်ဖြင်လာစေရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများကို လိမ်လည်လှည့်ဖြားရယူရန် ဆောင်ရွက်လာသည်ကိုလည်း တွေ့ရသည်။ ထိုသူများကို တရားမဝင်သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအဖြစ်သာ သတ်မှတ်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် တရားဝင်သွားရောက်လုပ်ကိုင်ခွင့် ရရှိစေရန် အလုပ်သမားဝန်ကြီးဌာနမှ သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ထိုနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသော အလုပ်သမားများ၏ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက်လည်း သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးလျက်ရှိပါသည်။ ယနေ့အချိန်တွင် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းအများစုတွင် နေထိုင်သူများမှာ သောင်းကျန်းသူမိသားစုများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်း အမည်ခံထားသောနေရာများတွင် နေထိုင်ခွင့်ရရှိစေရန် ဒုက္ခသည်များအတွက် နိုင်ငံတကာမှ ထောက်ပံ့ကူညီမှုများကို ၎င်းတို့အဖွဲ့အစည်းအတွက် အသုံးပြုရန် နိုင်ငံတော်အစိုးရအပေါ် မမှန်မကန်စွပ်စွဲမှုများ ပြုလုပ်လေ့ရှိသည်မှာ လုပ်ရိုးလုပ်စဉ်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော အကြမ်းဖက်သောင်းကျန်းသူများ၏ မမှန်မကန်စွပ်စွဲ ပြောဆိုမှုများ၊ လိမ်လည်ထင်ပြမှုများကို ဝေဖန်ဆန်းစစ်မှုပြုဘဲ လက်ခံနေခြင်းသည် အကြမ်းဖက်သမားများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ကိုင်သည့်သဘောသို့ သက်ရောက်စေပါသည်။

မူးယစ်ဆေးဝါးပြဿနာ

မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများကို ၁၅ နှစ်စီမံကိန်းချမှတ်ပြီး တိုက်ဖျက်လျက်ရှိသည်ကို ကုလသမဂ္ဂနှင့် အမေရိကန်အပါအဝင် နိုင်ငံတကာမှ သိရှိပြီးဖြစ်ပါသည်။ ထိုမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း မြန်မာတစ်နိုင်ငံတည်းအနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း၊ အမေရိကန်၊ ရုရှားဖက်ဒရေးရှင်း စသည့်နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် ပူးတွဲပြုလုပ်သော တိုင်းတာ ချက်များအရလည်း မြန်မာနိုင်ငံတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြားပဋိပက္ခ

၁၉၈၈–၁၉၉၂ခုနှစ်အထိ မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူအဖွဲ့အမျိုးမျိုးသည် အခိုင်အမာစခန်းကြီးများ

ပဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှ လျှပ်စစ်ဓာတ်အားပေးရေးအပွဲ အုပ်ချုပ်ရေးမှူးရုံးများ ဝန်ကြီး ပိုလ်ချုပ်ဒင်မောင်မြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် စက်တင်ဘာ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဒင်မောင်မြင့်သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအပွဲ၌ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအပွဲ၊ အုပ်ချုပ်ရေးမှူးရုံး သို့ရောက်ရှိပြီး မြို့နယ်ရုံးခန်းမ၌ ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်းက ဗဟန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၏ နောက်ခံသမိုင်း၊ ဝန်ထမ်းအင်အားအခြေအနေ၊ ရွေ့ကုတိုင်ဓာတ်အားခွဲရုံများမှ ဓာတ်အားရယူပြီး ဖြန့်ဖြူးပေးမှု၊ ပြည်သူများသို့ ဓာတ်အားပေးဝေမှု အမျိုးအစားအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့နယ်အတွင်း ဓာတ်အားသုံးစွဲသူများနှင့် ဓာတ်အားသုံးစွဲမှုပုနစ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သစ်ဆန်းက ဒဂုံမြို့နယ်အတွင်း ပြည်လမ်းဓာတ်အားခွဲရုံနှင့် ဆေးသုတေသန ဓာတ်အားခွဲရုံများမှ ဓာတ်အားရယူပြီး ဓာတ်အားဖြန့်ဖြူးပေးမှု၊ မီးသုံးစွဲမှုအမျိုးအစားနှင့် လျှပ်စစ်ဓာတ်အားခကောက်ခံရရှိမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဒေါ်ညွှန့်ညွှန့်ဝေက ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်ရန် မြေနေရာလျာထားမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံ၍ မှာကြားရာတွင် နှစ်မြို့နယ်တွဲလျက်ထားရှိသော မြို့နယ်များကို သီးခြားမြို့နယ် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ဝန်ထမ်းများအနေဖြင့် အလုပ်လုပ်ရာ၌ မသမာသောနည်းလမ်းများကို ရှောင်ရှားလုပ်ကိုင်သွားရန်လိုကြောင်း၊ ဝင်ငွေအများဆုံး ရှာပေးနိုင်သောဌာနဖြစ်ရေး ပိုင်းဝန်ကြီးပန်းကြရန် လိုကြောင်း၊ ပြည်သူက ယုံကြည်အားကိုးသူများ ဖြစ်အောင် ပိုမိုကြိုးပမ်းဆောင်ရွက်သွား ကြစေလိုကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဒင်မောင်မြင့် ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှ ဝန်ထမ်းများအား အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

မိခင် ဒေါ်သက်ရင်အား ရည်စူး၍ မန္တလေးမြို့ ရသာတန်း ၈၂ x ၃၃ လမ်းထောင့်နေ ဦးမောင်မောင်-ဒေါ်သန်းသန်း မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲ ဆောင်ဆရာတော် ဘဒ္ဒန္တ ပညာသီရိလင်္ကာရဏ ရေစက်ချ အနုမောနာ တရားနာယူပြီး တိ-နို (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘဒ္ဒန္တ ဝိလာသာစာရ၏ မွေးနေ့ဝိဇာတနှင့် သိက္ခာတော် (၇၆)ဝါမြောက် ဝိဇာတအလှူတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

နိုင်ငံတော်သြဝါဒဝရိယ ဝဲနူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ စကားတောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မ ဓဇတိက၊ အဂ္ဂမဟာသဒ္ဓမ္မ ဓဇတိကဓဇ ဘဒ္ဒန္တ ဝိလာသာစာရ၏ သက်တော် ၉၆ နှစ်ပြည့် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာနှင့် သိက္ခာတော် ၇၆ ဝါမြောက် ဝိဇာတ ဂုဏ်ပုဇော အလှူတော် မင်္ဂလာအဓမ်းအနားကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ စည်ကား သိုက်ဖြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း တို့အား နှစ်စဉ် ကျင်းပဖြစ်သည့် အလှူတော်မင်္ဂလာ အခမ်းအနားသို့ ကြွရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဲခေါင်ဒေသ ခြောက်နှင့်ငံ အားကစားပြိုင်ပွဲ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ပိုက်ကျော်ခြင်းပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစား ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည့်အခမ်းအနား ကို စက်တင်ဘာ ၆ ရက်က ည ၇နာရီ က အမျိုးသားအားကစား လေ့ကျင့်ရေး စခန်း (သုဝဏ္ဏ)၌ ပြုလုပ်သည်။

အမှာစကား

အခမ်းအနားတွင် ရှေ့ဦးစွာ မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ အတွက် ကြိုတင်ပြင်ဆင် ထားမှုများနှင့် ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဦးဇော်လင်း (ညွှန်ကြားရေးမှူး အား/ကာ)၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြသန်း ထိုက်နှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်း တို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဝင်ရောက်ယှဉ်ပြိုင်

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစား ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် အဖြစ် အား/ကာ ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ ဆေးမှူးအဖြစ် ဒေါက်တာ မြတ်ထွန်းဦး၊ သူနာပြုတာဝန်ခံ စုစုပေါင်း ၄၃ ဦး ပါဝင်သည်။ ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဘောလုံး၊ ပိုက်ကျော် ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အသက် (၂၀) အောက် မြန်မာ လူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ အဖြစ် ဦးကျော်ဆန်း (ဒုတိယညွှန်ကြား ရေးမှူး၊ အား/ကာ)၊ နည်းပြချုပ်အဖြစ် ဦးမျိုးဝင်း(စွမ်းအင်)၊ လက်ထောက် နည်းပြအဖြစ် ဦးစိုးမိုး(စီးပွားကူးသန်း)၊ အားကစားသမားများအဖြစ် ဂိုး-ဇော်မိုး ထက်(စီးပွားကူးသန်း)၊ သီဟစည်သူ (စီးပွားကူးသန်း)၊ နောက်တန်း-ထူးကျော်(ဘဏ္ဍာ/အခွန်)၊ အေးစန်း (ကမ္ဘောဇ)၊ ခင်မောင်လွင် (လယ်/ဆည်)၊ ကျော်ဇေယျာဝင်း (ဝို့ဆောင်ရေး)၊ သီဟ(လယ်/ဆည်)၊ မိုးဝင်း (စီးပွားကူးသန်း)၊ အလယ်တန်း-ရာဇာဝင်းသိန်း (စီးပွားကူးသန်း)၊ နေဝင်း (ကမ္ဘောဇ)၊ အောင်မိုး(ပြို့တော်စည်ပင်)၊ အောင်မျိုးသန့် (စီးပွားကူးသန်း)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ အောင်မြင့်အေး (ပြို့တော်စည်ပင်)၊ ရှေ့တန်း-မင်းမင်းထွန်း (ဆောက်လုပ်ရေး)၊ စိုင်းသန်းအောင် (ရွှမ်းအင်)၊ ကျော်သီဟ(ကမ္ဘောဇ)နှင့် ပြည်ပြိုးဦး (ဝို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

ပြေးခုန်ပစ်လူငယ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် တပ်ကြပ်ကြီးလှသိန်း၊ နည်းပြ ဆရာများအဖြစ် ဦးကျော်ကျော်ဝင်း (သစ်တောရေးရာ)နှင့်ဒေါ်နုနု(ပြို့တော် စည်ပင်)၊ အားကစားသမားများအဖြစ် အမျိုးသား-ကျော်ဆန်းလင်း (မန္တလေး၊ အား/ကာသိပ္ပံ)၊ စောဆာရီး (လယ်/ဆည်)၊ ကျော်လွမ်းအောင် (ကာကွယ်ရေး)၊ ဝင်းတင့်၊ အမျိုးသမီး-ယုယုလွင် (မန္တလေး၊ အား/ကာသိပ္ပံ)၊ တင်ဇာမိုး၊ တင်သန္တာထွန်းနှင့် ဂျူးဂျူးမေ (အားလုံး ရန်ကုန် အား/ကာသိပ္ပံ) တို့ ပါဝင်ကြသည်။

ပိုက်ကျော်ခြင်းအဖွဲ့တွင် အုပ်ချုပ်သူ အဖြစ် ဗိုလ်ကြီးကျော်ဇင်မိုး (အတွင်းရေးမှူး၊ အဖွဲ့ချုပ်)၊ နည်းပြဆရာအဖြစ် ဦးသန်းလွင်နှင့် ဒေါ်စန်းစန်းဌေး၊ ကစား သမားများအဖြစ် အမျိုးသမီး-စဉ်သူ၊ ဥက္ကာ၊ သီဟ၊ အမျိုးသမီး-နီဝင်နိုင်ဝင်း၊ ခင်အေးမော်နှင့် ခင်နုနုဖြိုးတို့ ပါဝင်ကြသည်။ (ကြေးမုံ)

မြဝတီချုပ်ငြိမ်းကြေးအခမ်းအနား

၈-၉-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာ့ပြည်တစ်နိုင်ငံလုံး ရောင်စုမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်ရွေးပြိုက်နက်တသံ
၄း၁၅ ၄။ ရင်ခုန်စိုးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နှားပင်ပြိမ်းသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ အလှမ်းစောင်းနန်းချိုချစ်သူဆီ
၅း၄၀ ၈။ သာယာသီကြေးခေါ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၃။ ဆောင်ရွက်ရုတ်ရ ကြိုးပိုင်းစကား
၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသခုလင်္ကာမြင်စောတ်လမ်း "ဆွေမွာသည်သာ" (အပိုင်း-၁၃)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံယာဂုဏ်ရည်ခြောက်လယိတိ -မိုက်မလင်းနိုင်လှိုင်ကြင်းညာစီမှာ**
၁၉။ စိုက်ပျိုးသုတ
၂၀။ ယနေ့သာအတွက် မြဝတီ၏ တေးလင်္ကာဆောင်
၂၁။ **ရသခုလင်္ကာမြင်စောတ်လမ်း "ဆွေမင်းသမီး" (အပိုင်း-၇)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ယူ-၂၀ ဘောလုံးအသင်း

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲဆင်မည့် မြန်မာ လူငယ် ယူ-၂၀ ဘောလုံးအသင်း အား အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်အတူ တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလုတိုး

☆ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၏ အောင်မြင်မှုများကို သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းဌာနများကို ဖိတ်ခေါ်ရှင်းလင်း ပြသပြီး လက်တွေ့ကွင်းဆင်းလေ့လာနိုင်စေရန် အကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ ထိုခရီးစဉ် များတွင်လည်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုများကို မည်သည့်အဖွဲ့အစည်းက ဆောင်ရွက်နေသည် ဆိုသည်ကိုလည်း အထောက်အထားများနှင့်တကွ ရှင်းလင်းပြောကြား အသိပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ အနောက်အုပ်စုသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှတစ်ရှိသူများသည် နယ်စပ်ဒေသများသို့ ၎င်းတို့အစီအစဉ်ဖြင့် အကြိမ်ကြိမ်သွားရောက်၍ လေ့လာမှုများပြုလုပ်ခဲ့ကြပြီး ဖြစ်ပါသည်။သို့ဖြစ်၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပြဿနာကြောင့် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေသည်ဆိုသည့် စွပ်စွဲချက်မှာ ပြောင်ပြောင်တင်းတင်း လိမ်ဆယ်စွပ်စွဲချက်သာဖြစ်ကြောင်း ထိုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများကိုယ်တိုင် သိရှိနေကြပြီးဖြစ်ပါသည်။

ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ၄င်္ဂ်ဖျားရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ၄င်္ဂ်ဖျားရောဂါဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးစီမံချက်ကိုရေးဆွဲပြီး ကာကွယ်ခြင်း၊ ပညာပေးခြင်း၊ ကုသခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအင်နီဂျီအိုများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါသည်။ ဤနေရာတွင် အထက်ပါရောဂါသုံးမျိုး ကာကွယ်ကုသရေးတွင် အကူအညီပေးနေသော Global Fund အဖွဲ့ထွက်ခွာသွားခြင်းကိုရှင်းလင်းဖော်ပြလိုပါသည်။ Global Fundသည် မြန်မာနိုင်ငံတွင် ငါးနှစ်စာ လုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာ ၉၈၁ဒသမငါးသောင်းကို ၁၃-၆-၂၀၀၅ ရက်နေ့တွင်လည်းကောင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာ ၁၉၃သန်းကို ၁၃-၆-၂၀၀၅ ရက်နေ့တွင်လည်းကောင်း၊ ၄င်္ဂ်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာ ၉ ဒသမ ၄ သန်းကို ၁-၃-၂၀၀၅ရက်နေ့တွင်လည်းကောင်း စတင်ရရှိခဲ့ပြီ : လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းကြေးသုံးစွဲမှုများကို UNDP မှ အဓိကတာဝန်ယူဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက Country Coordination Mechanism. CCMတွင်သာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း ဖြစ်ပါ သည်။ ထိုသို့လုပ်ငန်းများစတင်ပြီး လပိုင်းမျှသာကြာမြင့်သေးသည့်အချိန် ၁၈-၈-၂၀၀၅ ရက်နေ့၌ Global Fundမှ ကျွမ်းကျင်သူများ စီမံချက်ဒေသများသို့ သွားရောက်နိုင်ခြင်းမရှိဟု အကြောင်းပြပြီး စီမံချက်များကို တစ်ဖက်သတ် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုအကြောင်း ပြချက်သည် ကြောင်းကျိုးဆီလျော်မှုမရှိသည့်အပြင် နိုင်လုံမှုလည်း မရှိကြောင်း UNDP, WHO, UNAIDS, UNICEF စသော အဖွဲ့များ၏ သဘောထားထုတ်ပြန်ချက်များတွင် တွေ့ရှိနိုင်ပါသည်။ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း သဘောမတူသဖြင့် 3D Fundစီမံချက်အသစ်ဖြင့် ပြန်လည်အစားထိုးရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ အဖြစ်မှန်မှာ Global Fundအနေဖြင့် ရန်ပုံငွေအများဆုံးထည့်ဝင်နေသော အမေရိကန်နိုင်ငံ၏ နိုင်ငံရေးအရဖိအားပေးမှုကို လိုက်လျောခဲ့ရခြင်းသာဖြစ်သည်မှာ ထင်ရှားလှပါသည်။ ထိုအချိန်တွင် ပြည်တွင်းရှိ NLD*ပါတီနှင့် ကျောင်းသားဟောင်းများအုပ်စုက အေအိုင်ဒီအက်စ်ရောဂါ သည်များအား ကူညီစောင့်ရှောက်မှုကို အစိုးရမှ ဆောင်ရွက်ခြင်းမရှိသဖြင့် ၎င်းတို့မှ ဝင်ရောက်ကူညီနေရသည်ဟု ပြည်တွင်းပြည်ပတွင် လုပ်ကြသတင်းဖြန့်ချိခြင်း၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်များကို နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချရန် လုပ်ဆောင်ခြင်း၊ ရောဂါသုံးမျိုးအတွက် အကူအညီများကို ၎င်းတို့မှ တစ်ဆင့်ပေးအပ်ရန် တောင်းဆိုခြင်းတို့ကို နိုင်ငံရေးအကွက်ဆင်လုပ်ဆောင်လာသည်ကိုတွေ့ရပါသည်။ လက်တွေ့တွင် ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာအကူအညီများ မရမီကပင် ကိုယ်ပိုင်စွမ်းအားဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူကာ ရောဂါသုံးမျိုး တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေနှင့်ပြီးဖြစ်ရာ ထိုစီမံချက်များတွင် ပါဝင်ကူညီလိုသူများအနေဖြင့် လက်ရှိနိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအင်နီဂျီအိုများနှင့် ဆောင်ရွက်နေသည့် သဘောတူညီချက်များ၊ စည်းမျဉ်းများအတိုင်းသာ လိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ရောဂါသုံးမျိုး ဖြစ်ပွားမှုလျော့ကျလာနေပြီး အချို့အိမ်နီးချင်းနိုင်ငံများထက် ဖြစ်ပွားနှုန်းလျော့နည်းနေသည်ကို လေ့လာတွေ့ရှိနိုင်ရာ မြန်မာနိုင်ငံ၌ ရောဂါသုံးမျိုး ဖြစ်ပွားမှုနှုန်းသည် ပတ်ဝန်းကျင်နိုင်ငံများသို့ ပုံ့နှံ့ဒုက္ခပေးနိုင်သည်ဆိုသည့် စွပ်စွဲချက်မှာလည်း အခြေအမြစ်မရှိသော ပုံကြိုးချဲ့စွပ်စွဲမှုသာဖြစ်နေပါသည်။

မြန်မာနိုင်ငံ၏ HIV/AIDS ဖြစ်ပွားနှုန်းမှာ UNAIDS ၏ ၂၀၀၆ ခုနှစ် ထုတ်ပြန်ချက်ဇယား အရ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ UNDP၏ ထုတ်ပြန်ချက်စာတွင်မူ ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခု၏ ဖြစ်ပွားမှုနှုန်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းရှိနေကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ ဖော်ပြပါ HIV/AIDS ဖြစ်ပွားနှုန်းသည် နည်းရာမှမများရာသို့ ကူးစက်ခြင်းမဟုတ်ဘဲ များရာမှနည်းရာသို့ ကူးစက်ခြင်းဖြစ်ရာ အမေရိကန်အစိုးရ၏ စွပ်စွဲချက်သည် အမှန်တရားနှင့် လုံးဝဆန့်ကျင်ခြားနားလျက်ရှိကြောင်း ရှင်းလင်းစွာတွေ့နေရပါသည်။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုတွင် မြန်မာနိုင်ငံအစိုးရပါဝင်ပတ်သက်နေကြောင်း အခြေအမြစ်မဲ့ စွပ်စွဲဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ကိုလိုနီစနစ်၏ အမွေဆိုးအဖြစ် ဆက်ခံခဲ့ခြင်းသာဖြစ်ပါသည်။ မြန်မာအစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်တိုက်ဖျက်လျက်ရှိပြီး ၂၀၁၄ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် မူဝါဒများချမှတ်ဖော်ဆောင် နေပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရည်မှန်းချက်အတွက် မိမိတို့၏ အမျိုးသားရေးတာဝန်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၆-၆-၂၀၀၆ရက်နေ့တွင် ရန်ကုန်ဖြို့၌ကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀) မြောက် ဖျက်ဆီးပွဲကိုကြည့်ရုံနှင့် အပြောမဟုတ် အလုပ်နှင့်သက်သေပြနေကြောင်း သိရှိနိုင်ပါသည်။ အကြိမ်(၂၀) မြောက်အထိ ဖျက်ဆီးပြီးသော မူးယစ်ဆေးဝါးတန်ဖိုးမှာ ၁၄,၈၀၉,၉၇၁,၀၇၇ ဒေါ်လာအထိ ရှိခဲ့ပါသည်။ UNODC၏ ၂၀၀၅ ခုနှစ် နှစ်စဉ်အစီရင်ခံစာ တွင် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၃ခုနှစ်မှ ၂၀၀၅ခုနှစ်အကြား ၆၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့ (Counter Narcotics and Crime-CNC)ကလည်း မြန်မာနိုင်ငံတွင် ၁၉၉၆ခုနှစ်ကနှင့် နှိုင်းစာလျှင် ဘိန်း စိုက်ပျိုးမှု ၈၀ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ၂၀၀၄ခုနှစ်တွင် ဘိန်း ထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အသီးသီးဖော်ပြထားပါသည်။ ဤသို့ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်နေမှုကို မျက်ကွယ်ပြုလျက် အခြေအမြစ်မဲ့စွာ ဆက်လက် စွပ်စွဲနေခြင်းသည် အမေရိကန်အစိုးအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးလိုခြင်း သက်သက်သာဖြစ်ကြောင်း ထင်ရှားနေပါသည်။

သို့ဖြစ်ရာ **မြန်မာနိုင်ငံ၏အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာ ဦမ်းချမ်းရေးကို ထိခိုက်စေသဖြင့် လုံခြုံရေးကောင်စီမှ ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်သည်ဆိုသည့် အမေရိကန်အစိုးရ၏ တောင်းဆိုချက်သည် အဖြစ်မှန်နှင့် လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံတွင် ပြည်ပသြဇာ ရပ်သေး အစိုးရတစ်ရပ် ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်နေခြင်း ဖြစ်သည်မှာ ထင်ရှားလှပါသည်။**

အထူးသဖြင့် မြန်မာနိုင်ငံသည် အာဆီယံ၊ ဘင်းမံစတက် စသော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းလှုပ်ရှားနေသည့် အချိန်မျိုးတွင် မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်နေသည်ဆိုသည့် ပြောဆိုစွပ်စွဲမှုများမှာ ယုတ္တိကင်းမဲ့နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုစွပ်စွဲမှုအားလုံးသည် အမေရိကန်လွတ် တော်အမတ်အချို့နှင့် ပြည်တွင်းရှိ ပြည်ပသြဇာခံအဖွဲ့များ၊ ပြည်ပရှိ အကြမ်းဖက်အဖွဲ့များက ၎င်းတို့၏ နိုင်ငံရေးအာဏာရရှိရေး အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လှည့်စားအသုံးချနိုင်ရန် ကြိုးပမ်းနေမှုများသာ ဖြစ်ပါသည်။

တစ်နည်းဆိုရသော် ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်ဆောင်ပံကျိုးတို့၏ မြန်မာနိုင်ငံအား ပူးပေါင်းလုပ်ကြမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရေးသည် လုံခြုံရေးကောင်စီမှ ကိုင်တွယ်ဖြေရှင်းရမည့်အရေးကိစ္စမဟုတ်ဘဲ ထိုသို့ဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်မှုများကသာ မြန်မာနိုင်ငံတွင်ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည့် အမှန်တကယ် ခြိမ်းခြောက်မှုဖြစ်သည်မှာ ထင်ရှားနေပြီဖြစ်ပါသည်။ ။

ပြည်ပအားကစားသတင်းများ

တိုက်ခိုက်မှုမြင့်တော်စေရေး၌ အင်္ဂလန်အသင်းအတွက် ဝိုင်းသွင်းမှုခံချိန်ဆက်ထိန်း

စကော့ပီယေး (မက်ဆီဒိုးနီးယား) စက်တင်ဘာ ၇

စက်တင်ဘာ ၆ ရက်ညက ကျင်းပသော ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့သူ ပီတာခရော့ချ်သည် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းမှုစံချိန်ကို ဆက်ထိန်းထားနိုင်ကြောင်း၊ မက်ဆီဒိုးနီးယားအသင်းကို အနိုင်ရရှိခဲ့သော အင်္ဂလန်အသင်းမှ နည်းပြ စတီဗင်ဂက်ဂလဲရင်မှာလည်း သုံးပွဲဆက်တိုက်အနိုင်ရရှိမှုကို ဖြစ်စေကြောင်း စက်တင်ဘာ ၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မက်ဆီဒိုးနီးယားနိုင်ငံဖြို့တော်စကော့ပီယေးတွင် ကျင်းပသော ယင်းပွဲတွင် လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်က ဒုတိယပိုင်းအစ၌ ဂိုးသွင်းနိုင်ခဲ့သည်။ ပီတာခရော့ချ်သည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၀ ပွဲ ကစားခဲ့ရာတွင် ဂိုးပေါင်း ၁၁ဂိုး အထိ သွင်းယူနိုင်ခဲ့ပြီးဖြစ်သည်။

အင်တာနက်။

စက်တင်ဘာ ၆ ရက်က ကျင်းပသည့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ တွင် အင်္ဂလန်တိုက်စစ်မှူး ပီတာခရော့ချ် ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟူဆန်နှင့်သဘောထားကွဲမှု နစ္စတယ်လ်ရှိုင်းပွင့်ဟ

မဒရစ် စက်တင်ဘာ ၇

လွန်ခဲ့သည့် ဖေဖော်ဝါရီလက ကားလင်းဖလားဗိုလ်လုပွဲတွင် မိမိအားပါဝင်ကစားခွင့်မပေးရန် မန်ချက်စတာယူနိုက်တက်အသင်းနည်းပြ ဖာဂူဆန်က ဆုံးဖြတ်ခဲ့ခြင်းသည် ၎င်းနှင့် ဆက်ဆံရေး ပြတ်တောက်ခဲ့ရသည့် အဓိကအကြောင်း တရားဖြစ်ကြောင်း ရီးယဲလ်မဒရစ်အသင်း၏ ဘောလုံးသမားသစ် ရှဒ်ဗန်နစ္စတယ်လ် ရှိုင်းက ဖွင့်ပြောပြကြားလိုက်ကြောင်း စက်တင်ဘာ ၇ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗန်နစ္စတယ်လ်ရှိုင်းသည် နည်းပြဖာဂူဆန်နှင့် သဘောထားကွဲလွဲခဲ့ပြီးနောက် ယင်းအသင်းတွင် ဆက်လက်ကစားရန် မဖြစ်နိုင်တော့သဖြင့် ရီးယဲလ်မဒရစ် အသင်းသို့ မကြာမီက ပြောင်းရွှေ့ခဲ့သည်။ စပိန်နိုင်ငံရှိ ထိပ်တန်းသောလုံးအသင်းဖြစ်သော ရီးယဲလ်မဒရစ်အသင်းသည် နစ္စတယ်လ်ရှိုင်းအတွက် အသင်းပြောင်းရွှေ့ကြေး ငွေပေါင် ၁၀ ဒသမ ၅ သန်းပေးခဲ့ရသည်။

လွန်ခဲ့သည့် ဘောလုံးရာသီ၏ ပထမဆုံးလပတ်ကာလတွင် မိမိနှင့်ဖာဂူဆန် အဆင်ပြေခဲ့သော်လည်း ခရေက်ပိုင်းတွင် ၎င်းနှင့်သဘောကွဲလွဲမှု ဖြစ်ပေါ်လာကြောင်း နစ္စတယ်လ်ရှိုင်းက ပြောကြားသည်။ **အင်တာနက်**

အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများဆက်လက်ကျင်းပ

စင်ကာပူ စက်တင်ဘာ ၇

လာမည့်နှစ်တွင်ကျင်းပမည့် အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကို ဗုဒ္ဓဟူးနေ့က ဆက်လက်ကျင်းပရာ တောင်ကိုရီးယားအသင်းက တရုတ်တိုင်ပေအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။ တရုတ်နှင့် စင်ကာပူတို့၏ ခြေစစ်ပွဲတွင်မူ ဂိုးမရှိသရေကျခဲ့ကြသည်။

တောင်ကိုရီးယားအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် အာရှဖလား ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်ရန် ပိုမိုနီးစပ်သွားပြီဖြစ်သည်။ အာရှဖလား ဘောလုံးပြိုင်ပွဲကို ထိုင်းအင်ဒိုနီးရှားဗီယက်နမ် နှင့် မလေးရှားနိုင်ငံတို့က ပူးတွဲအိမ်ရှင်နိုင်ငံများအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ တောင်ကိုရီးယား အသင်းသည် ယခုအခါ နောက်ထပ်ခြေစစ်ပွဲ နှစ်ပွဲသာကစားရန်ကျန်ရှိသည်။ ခြေစစ်ပွဲတစ်ပွဲမှာ အိမ်ကွင်းတွင် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခြေစစ်ပွဲနောက်တစ်ပွဲမှာ အီရန်နိုင်ငံတွင် ကစားရမည်ဖြစ်သည်။ **အင်တာနက်**

လယ်ဝေးမြို့နယ် ပြည်ထောင်စုကြိုဒိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စု ကြိုဒိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၆ရက် တွင် လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြိုဒိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးဘိုနီက အသင်း၏လှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်မှုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်း ၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာမှ တစ်ဘာသာအထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၄၄ဦး တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

✱ ရွှေဖုံးမှ

ရွှေကူမြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ကျွန်းတိုးချဲ့စိုက်ပျိုးရေးနှင့် သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းစစ်ဆေး

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ၌ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံ၏ ၁၈၈၉ ဧကာ စုပေါင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဗန်းမော်မြို့နယ် ကောင်တုံကျေးရွာရှိ မဟာအောင်မြေစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အာရုံခံဝန်ဆောင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ပိုင်းဝန်းကြီးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ကောင်းတုံကျေးရွာအဝင်လမ်း စုပေါင်းပြုပြင်ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ တိုင်းမှူးမှ

အစိအဆဉ်အရ ပြိုင်ပွဲအမျိုးအစား အလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့် ဧနီး၊ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိကြသူများက ပြိုင်ပွဲ ဝင် အဆို၊ အက၊ အတီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းမှူးနှင့် ဧနီး၊ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေ ၃ နာရီတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၀၆ခုနှစ် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ ဖလား အသက်(၂၁)နှစ်အောက် အမျိုးသား(လူသစ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဧည့်ပရိသတ်များနှင့်အတူ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ကျိုင်းတုံမြို့နယ်အသင်းနှင့် တာချီလိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယ ရရှိသော အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသူများ၏ တစ်ဦးချင်းဆုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အနိုင်ရ ဗိုလ်စွဲ၍ ပထမရရှိသော တာချီလိတ်မြို့နယ် ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပပြီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင် အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံ ဥဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

မြန်မာ့အသံနှင့်ရပ်မြင်သံကြား မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ASEAN in Actionစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အကြောင်း သိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၆ခုနှစ် ဩဂုတ်လတွင် မြန်မာ့အသံရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံ ဥဏ်စမ်းပဟေဠိ ပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ပထမဆုကို မဆုရတာနာ (ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း)၊ ဒုတိယဆုကို မဂ္ဂကိုင်(မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်)၊ တတိယဆုကို အောင်ပိုင်ဦး(ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း)၊ နှစ်သိမ့်ဆုကို စိုင်းငယ်(ဖားကန့်မြို့၊ ကချင်ပြည်နယ်)တို့က အသီးသီးရရှိကြကာ ဆုများကို တာဝန်ရှိသူက ပေးအပ်ချီးမြှင့်သည်။

လစဉ် ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံ ဥဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဝါသနာရှင်များ အနေဖြင့် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၁၉၄၇–၄၈ခုနှစ် ရန်ကုန်တက္ကသိုလ် စစ်ကိုင်းဆောင်ကျောင်းသားဟောင်း အကြိမ်းစားဝန်ထမ်း ၁၁ဦးက ဗဟန်းမြို့နယ် ဓီဝိဒဘဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပေးသောဘပင် ကျပ် ၂၀၁၈၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က–ဝ)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဘူး ဒေသစာရီ ကြွချီအပူဇော်ခံမည်

ရန်ကုန် စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်) စက်တင်ဘာ ၂၂ ရက်မှစ၍ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံမည် ဖြစ်သည်။ ညောင်ရွှေမြို့သို့ စက်တင်ဘာ ၂၈ ရက်တွင် ရောက်ရှိတော်မူမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်အထိ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်သည်။ အင်းလေးဖောင်တော်ဦးဘုရား ရတနာဝဲကျောင်းတော်ကြီးသို့ အောက်တိုဘာ ၉ ရက်တွင် ပြန်လည်ကြွမြန်း ကိန်းဝပ်မည်ဖြစ်သည်။

ဘုရားပွဲတော်ကြီးကို အင်းသားရိုးရာလေးပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲ၊ ရွှေမင်းသားလေး ဈေးချစ်ဓာတ်ပွဲ၊ နှင်းသပြေအငြိမ့်၊ ပျော်ရွှင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်အတွက် ဆိုင်ခန်းနေရာရရှိလိုသူများ၊ ကုန်ပစ္စည်းနှင့် လုပ်ငန်းကြော်ငြာလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ညောင်ရွှေ ဖုန်း–၀၈၁–၂၉၄၀၉၊ အင်းလေး–ဖုန်း–၀၈၁–၂၉၄၂၅ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

❁ ကျောဖုံးမှ

မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွှန့်တို့က ကျောင်း၏သင်ကြားစီမံ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ၊ ပညာသင်ကြားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေးသုခ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ အကူအညီ တောင်းခံကာ ရေးအတွက် ပိုင်းဝန်းကြီးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် စဉ်ကျေးရွာ ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၆ ရက်က အာဆီယံ ဥဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ပထမဆုရ မဆုရတနာ၊ ဒုတိယဆုရ မဂ္ဂကိုင်၊ တတိယဆုရ အောင်ပိုင်ဦး၊ နှစ်သိမ့်ဆုရ စိုင်းငယ်တို့ကို ထွေ့ရစဉ်။ (သတင်းစဉ်)

❑ နို့စို့အရွယ်မှ

အဖွဲ့သားများက ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့သည် ကျန်းမာသောကလေးပေါင်း ၁၉၀၀ တို့ကို လူမမည်အရွယ်မှသည် အသက်(၁၂)နှစ်တိုင်အောင် တောက်လျှောက်လေ့လာခဲ့သည်။

ခုနှစ်ကြိမ်တိုင်းတာ

လေ့လာမှုကာလပြီးဆုံးချိန်အထိ စုးစမ်းစနသော နမူနာအုပ်စုအတွင်း၌ ကလေးပေါင်း ၁၀၄၂ ဦးသည် ဆက်လက်ကျန်ရှိနေသေးသည်။ ယင်းအနက် ကလေးပေါင်း ၅၅၅ဦးတို့ကို သတ်မှတ်ကာလအတွင်း ခုနှစ်ကြိမ် တိုင်းတာမှုများ ပြုလုပ်ခြင်း၊ အလေးချိန် ချိန်ယူခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

သုတေသီများသည် ကလေးငယ်များ၏ အရပ်နှင့်ကိုယ်အလေးအချိန်တို့ကို ရယူပြီး ကိုယ်ခန္ဓာအညွှန်းကိန်း (Body Mass Index) ကို လေ့လာရာ၌ အသုံးပြုခဲ့သည်။

ကျောင်းမနေမဖြစ်အရွယ်၌ ကိုယ်အလေးချိန်အလွန်များ၍ အဝလွန်သူသည် အသက်(၁၂)နှစ်အရွယ် ရောက်သောအခါ အခြားသက်ဌာရွယ်တူကလေးများနှင့် နှိုင်းစာလျှင် ဆက်လက်ဝနေ အလားအလာ ငါးဆပို၍ များပြားသည်။

သီတဂူဆရာတော် အရှင်ဥဇ္ဇာသဘရ ကျောက်ပန်းတောင်းမြို့တွင် တရားဟောကြွးမည်

ရန်ကုန် စက်တင်ဘာ ၇

စစ်ကိုင်းတောင်ရိုး သီတဂူကမ္မာဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဥဇ္ဇာသဘရ(D.Litt, Ph.D)သည် စက်တင်ဘာ ၉ရက်(စနေနေ့) ည ၇နာရီတွင် ကျောက်ပန်းတောင်းမြို့ သာသနာ့ဘဝိမာန်တော်ကြီး သီတဂူမမ္မပလ္လင်၌ တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

✱ ဝမ်းစာဖူလုံရေးမှ

စိုက်ပျိုးရေးမြေဖြစ်ကြောင်း၊ စပါးအထွက်တိုးရန် နည်းလမ်းလေးသွယ်ဖြစ်သော ရေတော် မိုးတော်ဖြစ်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ကောက်ကွက်မှန်ကန်ပြည့်မီရေး၊ မြေဩဇာပြည့်ပြည့်ဝဝ သုံးစွဲရေးများကို စနစ်တကျ လိုက်နာကျင့်သုံးရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လယ်မြေများ တိုးချဲ့ဖော်ထုတ် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် နည်းလမ်းတစ်ခုဖြစ်သော ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အပိုဝင်ငွေရရှိခြင်း အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်၍ ဦးစားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို ကြိုးစားဆောင်ရွက်ရန် အရေးကြီးကြောင်း မှာကြားသည်။

ထို့နောက် အစီအစဉ်အရ မိုးကုတ်မြို့နယ်၏ ၂၀၀၆ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှုစာရင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဂက လွှဲပြောင်းပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

စိုက်ပျိုးနိုင်ခဲ့

ဆက်လက်၍ တိုင်းမှူးက ၂၀၀၆ခုနှစ် မိုးစပါးထွန်ကုပ်ဝိတ် ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုများအား ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ မိုးကုတ်မြို့နယ်တွင် ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၃၄၂၅၂လျှောထားရာ ယနေ့ ထွန်တုံးပိတ်စိုက်ပျိုးပြီးချိန်တွင် ဧက ၃၄၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၄နာရီတွင် မိုးကုတ်မြို့နယ် ကစ္စကျေးရွာအနီးရှိ မြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ အောင်မြေကော်ဖီခြံသို့ရောက်ရှိပြီး ကော်ဖီ ၇ဧကနှင့် လက်ဖက်လေး၈ဧက စိုက်ခင်းအတွင်း ကော်ဖီပင်နှင့် လက်ဖက်ပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပေါင်းမြက်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးအောင်ဆောင်းက လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက ကော်ဖီပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လက်ဖက်(အုလုံတီး)မျိုးပင်များကို ပင်ပိုင်းမျိုးပွားစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားပြေးဆွဲခြင်း ကြေညာချက်

နေပြည်တော် စက်တင်ဘာ ၇

ရန်ကုန်–မန္တလေး လမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို ၄–၉–၂၀၀၆ ရက်မှ စတင်ပြေးဆွဲလျက်ရှိရာ ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅နာရီတွင်လည်းကောင်း၊ မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄နာရီ ၁၅ မိနစ်တွင် လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနား ဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြေညာထားသည်။

(မြန်မာ့မီးရထား)

အလားအလာ ၃၇၄ ဆ

အသက်(၇)နှစ်(၉)နှစ်နှင့် (၁၁)နှစ်အရွယ် မူလတန်းကျောင်းသားဘဝတွင် အဝလွန်နေသူ ကလေးငယ်သည် အခြားကလေးများနှင့် နှိုင်းယှဉ်လျှင် အသက်(၁၂)နှစ်အရွယ်တွင် ဆက်လက်ဝနေရန် အလားအလာ ၃၇၄ဆပိုရှိသည်။

ကျောင်းမနေမဖိအရွယ် တစ်လျှောက်လုံး၌ အလွန်ဝနေသူကလေး ၆ဝရာခိုင်နှုန်းနှင့် မူလတန်းအရွယ်တစ်လျှောက်လုံး၌ အလွန်ဝနေသူကလေး ၈ဝရာခိုင်နှုန်းသည် လေ့လာချိန်ကာလ ကုန်ဆုံးချိန်၌လည်း ဆက်လက်၍ ဝမြဲ ဝနေသည်ကို တွေ့ရသည်။

ပြုပြင်ပေးရန်လို

ၔင်းကလေးမျိုးသည် အသက်တဖြည်းဖြည်း ကြီးပြင်းလာသောအခါ အလိုအလျောက် စားသောက်နေထိုင်ပုံ ပြုပြင်လာလိမ့်မည်ဟု မိဘများအနေဖြင့် ယူဆမထားသင့်ပေ။ ကလေးသည် အဝလွန်ရန် အလားအလာများနေသည်ကို တွေ့ရပါက ၎င်းကလေး၏ အစားအသောက်၊ အနေအထိုင်နှင့် လှုပ်ရှားသွားလာမှုကို ကျန်းမာရေးအရ လေ့ကျင့်ပြုပြင်ပေးရန် လိုအပ်မည်ဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ပြုသည်။ **အင်တာနက်။**

အိန္ဒိယနိုင်ငံ မဏ္ဍိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ် လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်ဖြို့ ကြည်မြင့် တိုင်ဖြို့နယ် ဝိတောကလမ်းနေ ဒေါ်တင်ညွှန့် အသက် (၁၀၀) ပြည့်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် မိသားစုက အလှူတော်ငွေ ကျပ် ၁၅၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်း ဖြို့နယ် မြန်ကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာ နိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဏ္ဍိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ် လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် အငြိမ်းစား ကျောင်းအုပ် ဆရာမကြီး ဒေါ်သိန်းသိန်းအေး(ယုဝတီကဗျာရှင်၊ တက္ကသိုလ် နွယ်သင်္ခေါ်) အား ဦးထိပ်ထား၍ ၁၉၆၅–၈၈ခုနှစ်အထိ အထက (၁) ကြည့်မြင်တိုင်(ယခင်) အောဘီအမ် မိန်းကလေးအထက်တန်း ကျောင်းမှ တပည့်ဟောင်း ကျောင်းသူများက အလှူတော်ငွေ ကျပ် ၁၂၆၇၁၀ ကို ရန်ကုန်တိုင်း စမ်းချောင်းဖြို့နယ် မြန်မာကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တတိယအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျန်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရနယ်မြေ နှစ်နှင်းဖြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃ ရက် အထိ ကျင်းပမည့် တတိယ အကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင် တက်ရောက် ပြသနိုင်ရေးအတွက် ညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်ဖြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များ အသင်းချုပ်ရုံး၌ ကျင်းပရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ပြည်ဆိုင်ရာ ကော်မတီ ဝင်များ၊ မဏ္ဍိလေးတိုင်း ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြ သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် **(အပေါ်ပုံ)** က ၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် ပြပွဲသည် ထူးခြား သော ပြပွဲတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအလိုက် ပါဝင်ပြသရမည့် ကိစ္စဖြစ်၍ နိုင်ငံအဆင့်မိပြသရန် လိုအပ်ကြောင်းနှင့် စည်းလုံး ညီညွတ်စွာဖြင့် သွားရောက်ပြသ ရန် လိုအပ်ကြောင်းဖြင့် ပြောကြား သည်။

(သတင်းစဉ်)

ပဲခူးမြို့ အမှတ်(၁) ဘုန်းတော်ကြီးသင်ကျောင်းသို့ စာရေးကိရိယာနှင့် ပလာစာအုပ်များလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ပဲခူးမြို့ ရွှေတောင်စာသင်တိုက် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်း သား၊ ကျောင်းသူတို့အား စာရေး ကိရိယာနှင့် ဗလာစာအုပ် ဂျူဒါန်း ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ယင်း စာသင်တိုက် ပဋ္ဌာန်းဓိမာန်တွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သြဝါဒစရိယ (အဂ္ဂမဟာ ပဏ္ဍိတ) ပန်းလျိုင် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သာသနာထမံမှ ငါးပါးသီလ ခံယူပြီးနောက် ရွှေတောင်စာသင်တိုက် အမှတ် (၁) ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ကျောင်းအုပ်ဆရာတော် (သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ ဝိလာသက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ပတ်သက် ၍ လျှောက်ထားသည်။

ယင်းနောက် ပညာရေး ဆိုင် ရာများနှင့်ပတ်သက်၍ ခရိုင်ပညာ ရေးမှူး ဦးမြင့်ရွှေက လျှောက်ထား ပြီး အလှူရှင် အသီးသီးက လှူဖွယ် ပစ္စည်းများနှင့် စာရေးကိရိယာ၊ ဗလာစာအုပ်များကို ဆက်ကပ် လှူဒါန်းသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဇနီး၊ ခရိုင်ပညာရေးမှူး ဦးမြင့်ရွှေ နှင့် ရပ်မိရပ်ဖ အလှူရှင်များ တက် ရောက်ကြသည်။ ဂျူဒါန်းပစ္စည်း များ၏ တန်ဖိုးမှာ ကျပ် ၉၅၇၀၀၀ ဖြစ်ကြောင်းသိရသည်။

(ပြန်/ဆက်)

(၁၇)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကို မန္တ လေးဖြို့ရှိ ဆီဒိုးနားဟိုတယ်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပစဉ်။ (သစ်တောရေးရာ)

အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးပြီးစီး

နေပြည်တော် စက်တင်ဘာ ၇

(၁၇)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် မန္တ လေးဖြို့ရှိ ဆီဒိုးနားဟိုတယ်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပရာ သဘာပတိ အဖြစ် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ Mr. Haji Mohd. Said bin Pehin Dato Haji Hashim နှင့် တွဲဖက်သဘာပတိ အဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်း ရေးမှူး ဦးသန်းဆွေတို့က ဆောင် ရွက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များက (၁၇)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး အဆင့်မြင့်အရာရှိကြီးများ ၏ အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး အပြီးသတ် အတည်ပြုကြကာ မွန်းလွဲပိုင်း တွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ညပိုင်းတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသား ကော်မရှင်က တတိယအကြိမ် မြောက် အာဆီယံ မိတ်ဖက်နိုင်ငံ များအစည်းအဝေးသို့ တက်ရောက် ကြသည့် ကိုယ်စားလှယ်များအား မန္တ လေးဖြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းစည်ခံ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း၊ ရေတာရှည်ဖြို့ တွင်းရှိ ရေနတ်မြောင်းကြီးများ ရေစီးရေလာကောင်း မွန်စေရေး အတွက်စက်တင်ဘာ ၄ ရက် က ဖြို့နယ် စည်ပင်သာယာ ရေး အဖွဲ့ဝန်ထမ်းများ တူးဖော် ရှင်းလင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိဖြစ်သူ တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(ဖြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဒေါ်ခင်ကြည် [၁၂/မရက(နိုင်) ၀၈၄၂၆၅] လက်ရှိပိုင်ဆိုင်လျက်ရှိသော ရန်ကုန်တိုင်း၊ သဃ်ိန်းကျွန်းဖြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂၇+၂၆)၊ လူနေရပ်ကွက်အမှတ်–သုမင်္ဂလာအိမ်ရာ၊ မြေကွက်အမှတ် (၁၃၈)၊ အကျယ် (အလျား ၈၀ပေ၊ အနံ ၇၃ပေ) ဧရိယာ (၀.၁၃၈၁၄)ကောရိသော နှစ်(၆၀)ဂရန် မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်တည်ရှိသော ရန်ကုန်ဖြို့၊ သဃ်ိန်းကျွန်း ဖြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ(၈)လမ်း၊ အမှတ်(၅၅) ဟူအမည်တွင်သော နှစ်ထပ်အဆောက်အအုံနှင့်တကွ ဆက်စပ်လျက်ရှိကြသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါမြေ အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်မာသောပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါနေ့ရက်မှ ၈၍ ၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဒေါ်မြတ်သိတာလွင် (LL.B, D.B.L, D.M.L)
အထက်တန်းရှေ့နေ (စဉ်–၂၁၉၃၈)
အမှတ်–၅၆၃၊ အခန်း–၁/၁၀၄
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

တော်သလင်းလပြည့်နေ့က ကျင်းပသည့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာ၌ မြန်မာပညာတော်သင်ရုပ်နိုးများ ဖွဲ့ဖြိုးရေး အဖွဲ့ဝိုင်း သုံးတပ်ကျောင်းဆောင်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးတွင် အလုပ်အမှုဆောင် မြန်ကြားရေးမှူး ဒေါက်တာယဉ်မင်းဦး (၁)ဒေါက်တာ နီကိတ် ဂေးလ်က ဦးဆောင်နာယက ဆရာတော် အရှင်ဆေကိန္နဒေ(ဓမ္မဒူတ ဆရာတော်)အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–၁)

စက်တင်ဘာ ၃ ရက်က ၂၀၀၅–၂၀၀၆ ပညာသင်နှစ် စမ်းချောင်းဖြို့နယ် အမက(၄) ပထမတန်းတွင် ပထမဆုရရှိသော မောင်ပြည့်စုံအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဝမ်းစာပူလုံရေးအတွက် စပါးကို အလေးထားစိုက်ပျိုး စပါးအထွက်တိုးရန် နည်းလမ်းလေးသွယ် လိုက်နာကျင့်သုံး

ဒေသပို့ပြုံးရေးအတွက် ဘိုင်အိုဒိဇယ်ထုတ်နိုင်သည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုး

ရန်ကုန် စက်တင်ဘာ ၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာသို့ ရောက်ရှိပြီး လမ်းဘေးဝယ်ယာ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားရှိမှုနှင့် တစ်အုပ်တစ်မိ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို သက်တမ်းသုံးနှစ်ရှိ ယာစည်းရိုးကြက်ဆူပင်များမှ အသီးများကို လေလွင့်မှုမရှိစေဘဲ စနစ်တကျ တန်ဖိုးထားစုဆောင်းထားရှိရန်နှင့် ကြက်ဆူပင်များ ပျက်စီးမှုမရှိအောင် တာဝန်သိသိ ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မိုးကုတ်မြို့နယ် ရွှေညောင်ပင်ကျေးရွာအနီးရှိ ရော်ဘာ ၂၁ ဧကစိုက်ခင်းသို့ ရောက်ရှိပြီး လေ့ကျင့်ထစ်ပုံစံဖြင့် ရော်ဘာပင်များ စိုက်ပျိုးအောင်မြင်နေမှု၊ ရော်ဘာစိုက်ခင်းတွင် ရော်ဘာနှင့် ပြောင်း သီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသနှင့်ကိုက်ညီသည့် ရော်ဘာကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် မိုးကုတ်မြို့နယ် ကင်းကျေးရွာအုပ်စု ကင်းကျေးရွာတွင် ကျင်းပသော ၂၀၀၆ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲအခမ်းအနားသို့ ရောက်ရှိပြီး ရေးဦးစွာ တိုင်းမှူးက ၂၀၀၆ ခုနှစ် မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၀၆–၂၀၀၇ခုနှစ် မိုးကုတ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနှိုင်မှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းအတွင်း မိုးကုတ်မြို့နယ်သည် ပထမဆုံးထွန်တုံးပိတ်နိုင်သည့် မြို့နယ်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မိုးကုတ်ဒေသတွင် ဝမ်းစာဖူလုံရေးအတွက် စပါးကို အလေးထား **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ✻

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိုးကုတ်မြို့နယ် ကင်းကျေးရွာ၌ ကျင်းပသော ၂၀၀၆ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒိုက်ဦးကော်မှန့်စက်ရုံ တိုင်းမှူး ပိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး ပီလာပီနံများ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးရေး ပဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးမှာကြား

နေပြည်တော် စက်တင်ဘာ ၇

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁ ရက်နံနက် ၈ နာရီခွဲက အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိရာ ဧည့်ရိပ်သာ၌ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလွင်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက စက်မှုကုန်ကြမ်းသီးနှံ ပီလာပီနံ စိုက်ခင်းများအား လျာထားချက်ထက် ကျော်လွန်အောင်စိုက်ပျိုးရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံဧရိယာနှင့် ပီလာပီနံ စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ကော်မှုန့်စက်ရုံအတွင်း ကုန်ထုတ်ဌာန(၁)သို့ သွားရောက်၍ ကော်မှုန့်မှ ဂလူးကို့စ်နှင့် ကပ်စေးနဲထုတ်လုပ်မှုနှင့် ထုပ်ပိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် မွေးမြူရေးနှင့် ရေလုပ်ငန်း၀န်ကြီးဌာန မွေးမြူရေး အစားအစာနှင့် ဓို့ထွက်ပစ္စည်းလုပ်ငန်း ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိရာ ဧည့်ရိပ်သာတွင် စက်ရုံမှူး ဦးပြည့်စုံက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဒိုက်ဦးမြို့နယ် အေးသုခ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမိုးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၃ သို့** ❁

ယနေ့မိုးလေဝသ

၈–၉–၂၀၀၆

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အင်တာနက်ကျန်းမာရေးသတင်း

နို့စိုအရွယ်နှင့် ကျောင်းနေအရွယ်တွင် အလွန်ဝသောကလေး အက်လက်အဝလွန်ရန်အလားအလာများ၍ လေ့ကျင့်ပေးရန်လို

ပေကျင်း စက်တင်ဘာ ၇

ကလေးတစ်ဦးသည် လမ်းလျှောက်တတ်ခါစ အရွယ်၌ပင် ရှိသင့်သည့် အလေးချိန်ထက် ပိုများကာ အလွန်ဝနေပါက၊ တစ်ဖန် ထိုကလေးသည် အသက်(၁၂)နှစ် အရွယ်၌လည်း အဝလွန်ဖြစ် အဝလွန်နေလျှင် ရှေ့ဆက်၍ အဝလွန်ရန် အလားအလာများပြားကြောင်း ကျွမ်းကျင်သူ ကလေးအထူးကုများက စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ထိုလေ့လာမှုကို အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ် ရော့ခ်ဗီလာရှိ အမျိုးသား ကလေးကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပညာရှင် ဒေါက်တာဖီလစ်အာရ်နာဒါနှင့် **စာမျက်နှာ ၁၂ ကော်လံ ၃ သို့** ❑

ကလေးငယ်များ အဝမလွန်စေရန် အနေအထိုင် အစား အသောက်နှင့် ကစားခုန်စားဖြင့် ပြုပြင်ပေးသင့်သည်။

(ဓာတ်ပုံ–အင်တာနက်)